ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

သချာ

ဒုတိယတန်း

GRADE 3

အခြေခံပညာသင်ရိုးညွှန်းတမ်း၊
သင်ရိုးမာတိကာနှင့်ကျောင်းသုံးစာအုပ်ကော်မတီ
၂၀၁၅-၂၀၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

သင်္ချာ
ဒုတိယတန်း
GRADE 3

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ၊ အုပ်ရေ-၆၅၀,၀၀၀

၂၀၁၅–၂၀၁၆ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည်။

ဆရာများအတွက်အမှာစာ

ဤစာအုပ်သည် အခြေခံပညာမူလတန်းအောက်ဆင့်ဖြစ်သည့် ဒုတိယတန်းကျောင်းသား၊ ကျောင်းသူများအတွက် မူလတန်းဆင့် သင်္ချာဘာသာသင်ရိုးနှင့် ကိုက်ညီဆီလျော်စွာ ရေးသားပြုစုထားသော ဒုတိယတန်းသင်္ချာစာအုပ်ဖြစ်ပါသည်။

အခြေခံပညာမူလတန်းဆင့် သင်္ချာဘာသာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ကိန်းစနစ်၊ တိုင်းတာခြင်းစနစ်များ၊ ကျိုသြမေတြီဆိုင်ရာပုံသဏ္ဌာန်များနှင့်ပုံများဖြင့်ကိုယ်စားပြုဖော်ပြနိုင်မှုတို့နှင့်ပတ်သက်၍ အခြေခံအားဖြင့် သိရှိနားလည်ရန်၊

(၂) လွယ်ကူသည့်ပြဿနာဖြေရှင်းနည်းများ၊ အခြေခံတွက်နည်း(၄)မျိုးနှင့်ပတ်သက်သည့်ကျွမ်းကျင်မှုများ၊ တိုင်းတာမှုဆိုင်ရာအခြေခံကျွမ်းကျင်မှုများ ရရှိရန်၊

(၃) အခြေခံသင်္ချာအသိများနှင့် ကျွမ်းကျင်မှုများကို နေ့စဉ်ဘဝတွင် လိုအပ်သလို ဆက်စပ် အသုံးချတတ်ရန်၊

(၄) ပြဿနာတစ်ရပ်ကို စနစ်တကျသုံးသပ်တတ်မှု၊ စူးစူးစိုက်စိုက်ဖြေရှင်းလိုမှု စသည့် သင်္ချာပညာဆိုင်ရာ မှန်ကန်သည့်သဘောထားများ ရရှိလာစေပြီး သင်္ချာပညာကို စိတ်ဝင်စားမှုရှိရန်တို့ဖြစ်သည်။

အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် မူလတန်းအောက်ဆင့်ဖြစ်သည့် ဒုတိယတန်း သင်္ချာဘာသာသင်ရိုးပါ အကြောင်းများကို အဓိကအားဖြင့် ကဏ္ဍ (၄) ခုဖြင့် ပိုင်းခြားထည့်သွင်းထားပါသည်။

(၁) ကိန်းများ

(၂) တိုင်းတာမှုအမျိုးမျိုး

(၃) ကျိုသြမေတြီဆိုင်ရာအခြေခံများနှင့်

(၄) ပုံဖြင့်ဖော်ပြမှုဆိုင်ရာအခြေခံများ

သင်ကြားရမည့်အကြောင်းအရာတွင် အောက်ပါအချက်များကို သတိပြု သင်ကြားပေးရမည်။

(၁) အမြောက်ဆိုင်ရာ အလီဖယားကို ကျက်မှတ်ရန်နှင့်ဖလှယ်ရကိန်းပြည့် ဂုဏ်သတ္တိကို အထူးဂရုပြုသင်ကြားသင့်ပါသည်။

(၂) တိုင်းတာမှုအမျိုးမျိုးအပိုင်းတွင် လက်တွေ့ဘဝ၌အသုံးဝင်မည့်အကြောင်းရပ်တို့ကိုဆီလျော်သလို ထည့်သွင်းသင်ကြားပေးသင့်ပါသည်။

(၃) ကျိုသြမေတြီဆိုင်ရာ အခြေခံအချက်အလက်များကို ကောင်းစွာနားလည်သဘောပေါက်၍ လက်တွေ့ဆွဲသားခြင်းအပိုင်းတွင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်ရန် သတိပြုသင်ကြားသင့်ပါသည်။

(၄) ရုပ်ပြပုံများကိုကြည့်၍ အနက်ကောက်ခြင်း၊ ဗားဂရပ်ကိုကြည့်၍ အနက်ကောက်ခြင်းတို့ကို အထူးဦးစားပေးသင်ကြားသင့်ပါသည်။

ဒုတိယတန်းတွင် သချိုဘာသာ သင်ကြားချိန်နှင့် ပတ်သက်၍ အောက်ပါအတိုင်း သင်ကြားရပါမည်။

ဘာသာရပ်	တစ်ချိန် စာသင်ချိန် (မိနစ်)	တစ်ပတ် သင်ချိန်	တစ်နှစ် သင်ချိန် ရက်သတ္တ ပတ်ပေါင်း	တစ်နှစ် သင်ချိန် စုစုပေါင်း	တစ်နှစ်သင် ချိန်နှာရီ စုစုပေါင်း
သချိုာ	၃၀	၇	၃၆	၂၅၂	၁၂၆

ဒုတိယတန်း သချိုာသင်ကြားချိန်ကို အောက်ပါအတိုင်း ခွဲဝေသင်ကြားရန် လျာထား သတ်မှတ်ပါသည်။

စဉ်	အခန်း	သင်ခန်းစာ	သင်ချိန်
၁	၁	ကိန်းဆိုင်ရာအခြေခံများ	၈
၂	၂	၁၀၀၀ အထိကိန်းများရေတွက်ခြင်း၊ဖတ်ခြင်း၊ရေးခြင်း	၁၂
၃	၃	အပေါင်း	၁၂
၄	၄	အနုတ်	၁၆
၅	၅	ကျိုြမေတြီဆိုင်ရာပုံသဏ္ဌာန်များ	၁၆
၆	၆	အမြောက်	၃၄
၇	၇	အစား	၃၀
၈	၈	အပိုင်းကိန်း	၁၄
၉	၉	မြန်မာနိုင်ငံသုံးငွေကြေး	၁၆
၁၀	၁၀	မြန်မာ့အလေးချိန်နှင့် အခြင်အဝင်	၁၀
၁၁	၁၁	အချိန်နှင့်အလျားအတိုင်းအတာ	၃၂
၁၂	၁၂	ပုံဖြင့်ဖော်ပြမှုဆိုင်ရာအခြေခံများ	၁၀
		သင်ချိန်ပေါင်း	၂၁၀
		အရန်သင်ချိန်	၄၂
		စုစုပေါင်း	၂၅၂

မှတ်ချက်။ အရန်သင်ချိန်သည် အချိန်ထပ်မံလိုအပ်သော သင်ယူမှုလုပ်ငန်းများ အတွက် အသုံးပြုရန်ဖြစ်သည်။

မာတိကာ

အခန်း		ဘင်ခန်းစာ	စာမျက်နှာ
၁။	**ကိန်းဆိုင်ရာအခြေခံများ**		၁
	၁.၁။	အပေါင်း	၁
	၁.၂။	အနုတ်	၁
	၁.၃။	အမြှောက်	၂
	၁.၄။	အစား	၃
	၁.၅။	စုံကိန်း၊ မကိန်း	၃
၂။	**၁၀၀၀ အထိကိန်းများရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း**		၆
	၂.၁။	၁၀၀၀ အထိကိန်းများ	၆
	၂.၂။	နေရာလိုက်တန်ဖိုး	၁၁
	၂.၃။	ကိန်းများကိုနှိုင်းယှဉ်ခြင်း	၁၃
	၂.၄။	ကိန်းအစီအစဉ်	၁၆
၃။	**အပေါင်း**		၁၈
	၃.၁။	ကိန်းပြောင်းဖွဲ့မှုမပါသောပေါင်းခြင်း	၁၈
	၃.၂။	ကိန်းပြောင်းဖွဲ့မှုပါသောပေါင်းခြင်း	၁၉
	၃.၃။	ပုစ္ဆာတွက်ခြင်း	၂၁
	၃.၄။	ကိန်းသုံးလုံးပေါင်းခြင်း	၂၂
	၃.၅။	ပုစ္ဆာတွက်ခြင်း	၂၆
၄။	**အနုတ်**		၂၇
	၄.၁။	ကိန်းပြောင်းဖွဲ့မှုမပါသောနုတ်ခြင်း	၂၇
	၄.၂။	ကိန်းပြောင်းဖွဲ့မှုပါသောနုတ်ခြင်း	၂၈
	၄.၃။	ပုစ္ဆာတွက်ခြင်း	၃၁
၅။	**ကျီသြမေတြီဆိုင်ရာပုံသဏ္ဌာန်များ**		၃၃
	၅.၁။	ပုံသဏ္ဌာန်အမျိုးမျိုး	၃၃
	၅.၂။	အနားများ	၃၅
	၅.၃။	ထောင့်များ	၃၆
	၅.၄။	ထောင့်မှန်	၃၈
	၅.၅။	လက်တွေ့ပုံဆွဲခြင်း	၄၀

အခန်း	သင်ခန်းစာ	စာမျက်နှာ
	၅.၆။ တစ်ထပ်တည်းကျသောပုံများ	၄၀
	၅.၇။ ခေါက်ချိုးညီခြင်း	၄၁
၆။	**အမြောက်**	၄၃
	၆.၁။ အမြောက်၏သဘော	၄၃
	၆.၂။ ဆခွဲကိန်းများနှင့်မြောက်လဒ်များ	၄၅
	၆.၃။ အပြည့်ကိန်းဂုဏ်သတ္တိ	၅၁
	၆.၄။ ၁၀၊ ၁၀၀ နှင့်မြောက်ခြင်း	၅၁
	၆.၅။ ၁၀၊ ၁၀၀ ၏ ဆတိုးကိန်းများ	၅၆
	၆.၆။ ဂဏန်းတစ်လုံးပါသောကိန်းဖြင့်မြောက်ခြင်း	၅၇
	၆.၇။ ဂဏန်းနှစ်လုံးပါသောကိန်းဖြင့်မြောက်ခြင်း	၆၃
	၆.၈။ ပုစ္ဆာတွက်ခြင်း	၆၄
၇။	**အစား**	၆၅
	၇.၁။ အစား၏သဘော	၆၅
	၇.၂။ စားကိန်းနှင့်စားလဒ်ဆက်သွယ်ချက်	၆၇
	၇.၃။ အမြောက်နှင့်အစားဆက်သွယ်ချက်	၆၉
	၇.၄။ ဂဏန်းတစ်လုံးပါသောကိန်းဖြင့်စားခြင်း	၆၉
	၇.၅။ ဂဏန်းနှစ်လုံးပါသောကိန်းဖြင့်စားခြင်း	၇၅
	၇.၆။ ပုစ္ဆာတွက်ခြင်း	၇၆
၈။	**အပိုင်းကိန်း**	၇၇
	၈.၁။ ညီမျှပိုင်း	၇၇
	၈.၂။ တစ်ခုလုံး၏အပိုင်း	၈၀
	၈.၃။ တန်ဖိုးတူအပိုင်းကိန်းများ	၈၄
	၈.၄။ အပိုင်းကိန်းများကိုနှိုင်းယှဉ်ခြင်း	၈၄
	၈.၅။ အပိုင်းကိန်းများပေါင်းခြင်း၊ နုတ်ခြင်း	၈၅

အခန်း	သင်ခန်းစာ	စာမျက်နှာ
၉။	မြန်မာနိုင်ငံသုံးဒွေကြေး	၉၁
	၉.၁။ ကျပ်နှင့်ပြားဆက်သွယ်ပုံ	၉၁
	၉.၂။ ကျပ်၊ ပြား အပေါင်း	၉၂
	၉.၃။ ကျပ်၊ ပြား အနုတ်	၉၅
	၉.၄။ ကျပ်၊ ပြား အမြောက်	၉၇
	၉.၅။ ကျပ်၊ ပြား အစား	၉၈
၁၀။	မြန်မာအလေးချိန်နှင့်အခြင်အဝင်	၁၀၀
	၁၀.၁။ မြန်မာ့အလေးချိန်	၁၀၀
	၁၀.၂။ မြန်မာ့အခြင်အဝင်	၁၀၄
၁၁။	အရှိန်နှင့်အလျှားအတိုင်းအတာ	၁၀၈
	၁၁.၁။ အရှိန်	၁၀၈
	၁၁.၂။ အလျှားအတိုင်းအတာ	၁၁၉
၁၂။	ပုံဖြင့်ဖော်ပြမှုဆိုင်ရာအခြေခံများ	၁၃၃
	၁၂.၁။ ပုံဖြင့်ဖော်ပြခြင်း	၁၃၃
	၁၂.၂။ ရုပ်ပြပုံများ	၁၃၄
	၁၂.၃။ ဗားဂရပ်	၁၃၆
နောက်ဆက်တွဲ		
	(၁) အနုတ်တွဲ ၃၆ ချက်ပြဇယား	၁၃၈
	(၂) အလီဇယားများ	၁၃၉

အခန်း(၁)
ကိန်းဆိုင်ရာအခြေခံများ
လေ့ကျင့်ခန်း(၁)

၁.၁။ အပေါင်း

တွက်ပါ။

၁။

ဆယ်	ခု
၅	၀
+ ၃	၀

၂။

ဆယ်	ခု
၂	၉
+ ၃	၃

၃။

ဆယ်	ခု
	၅
+ ၈	၇

၄။ ၁၇
+ ၂၆

၅။ ၅
+ ၃၇

၆။ အခန်းတစ်ခုတွင် စားပွဲ ၄ လုံး၊ ကုလားထိုင် ၄၅ လုံးရှိလျှင်ပေါင်းမည်မျှရှိသနည်း။

၇။ မောင်ကျော်တွင် ပိုက်ဆံ ၅၅ ကျပ်ရှိသည်။ ၂၀ ကျပ် ထပ်ရလျှင် ပေါင်း ပိုက်ဆံမည်မျှရှိသနည်း။

၈။ ပထမစည်တွင် ငါး ၆၇ ကောင်၊ ဒုတိယစည်တွင်ငါး ၂၆ ကောင်ရှိသည်။ စည် ၂ စည်တွင် ပေါင်း ငါးမည်မျှရှိသနည်း။

လေ့ကျင့်ခန်း(၂)

၁.၂။ အနုတ်

တွက်ပါ။

၁။

ဆယ်	ခု
၂	၉
−	၂

၂။

ဆယ်	ခု
၅	၄
− ၂	၆

၃။

ဆယ်	ခု
၉	၀
− ၅	၇

၄။ ၁၁ ၅။ ၇၂
− ၈ − ၆၆

၆။ ဆိုင်တစ်ဆိုင်တွင် အရုပ် ၈၅ ရုပ်ရှိသည်။ အရုပ် ၆၁ ရုပ်ကိုရောင်းလိုက်သည်။ အရုပ်မည်မျှကျန်သနည်း။

၇။ ပူဖောင်းသည်တစ်ဦးတွင် ပူဖောင်း ၉၅ လုံးရှိသည်။ ၇၈ လုံးရောင်းလိုက်လျှင် မည်မျှကျန်သနည်း။

၈။ ပထမတောင်းထဲတွင် ရှောက်ချိုသီး ၅၆ လုံးရှိသည်။ ဒုတိယတောင်းထဲတွင် ရှောက်ချိုသီး ၃၇ လုံးရှိသည်။ ပထမတောင်းက ဒုတိယတောင်းထက် ရှောက်ချိုသီး မည်မျှပိုရှိသနည်း။

၁.၃။ အမြှောက်

လေ့ကျင့်ခန်း(၃)

၁။ လိုသောကိန်းဖြည့်ပါ။

(က) ( ) × ၂ = ၆

(ခ) ၃ × ( ) = ၁၅

(ဂ) ၄ × ( ) = ၂၄

(ဃ) ၅ × ၇ = ( )

(င) ( ) × ၆ = ၃၀

၂။ သစ်ပင်တစ်ပင်လျှင် ရွှေ့ ၆ ကောင်ရှိသည်။
သစ်ပင် ၂ ပင်တွင် ရွှေ့မည်မျှရှိမည်နည်း။

၃။ စားပွဲခုံတစ်ခုံလျှင် စာအုပ် ၈ အုပ် တင်ထားသည်။
စားပွဲခုံ ၃ ခုံတွင် စာအုပ်မည်မျှရှိမည်နည်း။

၄။ ကလေးတစ်ယောက်လျှင် ဂေါ်လီ ၃ လုံးကျ ဝေပေးသည်။
ကလေး ၇ ယောက်အတွက် ဂေါ်လီ မည်မျှပေးရမည်နည်း။

၁.၄။ အစား

လေ့ကျင့်ခန်း(၄)

၁။ တွက်ပါ။

(က) ၂၄ + ၈ (ဂ) ၃၆ + ၉ (ဃ) ၄၅ + ၅

(ခ) ၇၂ + ၉ (ဃ) ၂၇ + ၃ (စ) ၆၀ + ၁၀

၂။ သင်္ကြားလုံးအလုံး ၂၀ ရှိသည်။ ပန်းကန်တစ်ချပ်လျှင် ၅ လုံးကျထည့်လျှင် ပန်းကန် မည်မျှလိုမည်နည်း။

၃။ အရပ် ၄၂ ရွာပ်ရှိသည်။ ကလေးတစ်ယောက်လျှင် ၇ ရွာပ်စီဝေပေးသည်။ ကလေး မည်မျှကို ဝေပေးနိုင်မည်နည်း။

၄။ ငွေ ၃၆ ကျပ်ရှိသည်။ အလုပ်သမား ၉ ယောက်ကို အညီအမျှဝေပေးသည်။ တစ်ယောက်လျှင် မည်မျှစီရမည်နည်း။

၁.၅။ စုံကိန်း၊ မကိန်း

အနက်စက်များကိုရေတွက်၍ ကိန်းရေးလျှင် အောက်ပါအတိုင်းတွေ့ရမည်။



အစဉ်လိုက် မကိန်းများသည် ၁၊ ၃၊ ၅၊ ၇၊ ၉ ဖြစ်သည်။
အစဉ်လိုက် စုံကိန်းများသည် ၂၊ ၄၊ ၆၊ ၈၊ ၁၀ ဖြစ်သည်။

လေ့ကျင့်ခန်း(၅)

မည်မျှရှိသနည်း။ "စုံ၊ မ ခွဲခြားပြပါ။"

၁။  ၂၀ စုံ

၂။  ____

၃။  ____

၄။  ____

လေ့ကျင့်ခန်း (၆)

ကိန်းများကို ကြည့်၍ တွက်လပ်တွင် "စုံ၊ မ ခွဲခြားပြပါ။"

(က) ၂ စုံ

(ခ) ၅ မ.

(ဂ) ၉ ____

(ဃ) ၈ ____

(င) ၂၊၄၊၆၊၈ တို့သည် ____ ကိန်းများဖြစ်ကြသည်။

(စ) ၁၃၊၅၊၇၊၉ တို့သည် ____ ကိန်းများဖြစ်ကြသည်။

စုံကိန်း၊ မကိန်းပေါင်းခြင်း

သာဓက ၁။ (က) ၂ + ၄ = ၆

(ခ) ၄ + ၆ = ၁၀

(ဂ) ၈ + ၂ = ၁၀

ဤသာဓကများကိုကြည့်ခြင်းအားဖြင့်

စုံကိန်း + စုံကိန်း = စုံကိန်း

သာဓက ၂။ (က) ၁ + ၅ = ၆

(ခ) ၃ + ၇ = ၁၀

(ဂ) ၅ + ၉ = ၁၄

ဤသာဓကများကိုကြည့်ခြင်းအားဖြင့်

မကိန်း + မကိန်း = စုံကိန်း

သာဓက ၃။ (က) ၂ + ၅ = ၇

(ခ) ၄ + ၇ = ၁၁

(ဂ) ၃ + ၆ = ၉

ဤသာဓကများကိုကြည့်ခြင်းအားဖြင့်

စုံကိန်း + မကိန်း = မကိန်း

သာဓက ၄။ စုံ၊ မ ခွဲခြားပြပါ။

(က) ၁၄ + ၄

(ခ) ၁၀ + ၇

(ဂ) ၅ + ၉

(က) ၁၄ + ၄

စုံ + စုံ = စုံ

(ခ) ၁၀ + ၇

စုံ + မ = မ

(ဂ) ၅ + ၉

မ + မ = စုံ

လေ့ကျင့်ခန်း(၇)

စုံ၊ မ ခွဲခြားပြပါ။

၁။ ၉ + ၁၁ ၂။ ၅ + ၉ ၃။ ၁၄ + ၄

၄။ ၈ + ၇ ၅။ ၁၀ + ၇ ၆။ ၃ + ၆

၁၀၀၀ အထိ ကိန်းများရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း

၂.၁။ ၁၀၀၀ အထိကိန်းများ

ရာပြည့်ကိန်းများ

မည်မျှရှိသနည်း။



တစ်ဆယ် (၁၀) ကြိမ် = တစ်ရာ = ၁ ရာ ၁၀၀



တစ်ရာ (၃) ကြိမ် = သုံးရာ = ၃ ရာ ၃၀၀



တစ်ရာ (၄) ကြိမ် = လေးရာ = ၄ ရာ ၄၀၀

လေ့ကျင့်ခန်း(၁)

၁။ ရေတွက်၍ ကိန်းရေးပါ။

(က)



(ခ)



(ဂ)



၁၀၀၀

၂။ ရာပြည့်ကိန်းများကို အစဉ်လိုက်ရေးပါ။

၁၀၀၊ ၂၀၀၊----------

ဂဏန်းသုံးလုံးပါသော ကိန်းရေခြင်း



လေ့ကျင့်ခန်း (၂)

ရေတွက်၍ကိန်းရေးပါ။

၁။



ရာ	ဆယ်	ခု
၄	၅	၃

၄၅၃

၂။



၃။



၄။



၅။



၆။



ဂဏန်းသုံးလုံးပါသော ကိန်းရေးခြင်း



လေ့ကျင့်ခန်း(၃)

ရေတွက်၍ ကိန်းရေးပါ။

၁။



၂။



၃။



၄။



ကိန်းကို ရာ၊ ဆယ်၊ ခု ယောင်းချ၍ရေးခြင်း

ရာ	ဆယ်	ခု
၂	၃	၅

လေ့ကျင့်ခန်း(၄)

အောက်ပါတို့ကို ရေတွက်၍ကိန်းရေးပါ။ ကိန်းကို ရာ၊ ဆယ်၊ ခုခွဲပြပါ။

၁။

၂။

၃။

၄။

ကိန်းကို စာဖြင့်ဖော်ပြခြင်း



လေ့ကျင့်ခန်း(၅)

အောက်ပါကိန်းတို့ကိုစာဖြင့်ဖော်ပြပါ။

၁။	၆၄၅	၃။	၇၀၃	၅။	၆၉၁
၂။	၅၁၉	၄။	၃၉၆	၆။	၁၀၀၀

ဂဏန်း ဖော်ပြချက်ကို ကိန်းဖြင့်ဖော်ပြခြင်း



လေ့ကျင့်ခန်း(၆)

အောက်ပါတို့ကို ကိန်းဖြင့်ဖော်ပြပါ။

၁။ ခြောက်ရာတစ်ဆယ့်ရှစ်
၂။ သုံးရာနှစ်ဆယ့်ခုနစ်
၃။ ရှစ်ရာခြောက်ဆယ့်နှစ်
၄။ လေးရာရှစ်ဆယ့်သုံး
၅။ ခုနစ်ရာကိုး
၆။ တစ်ရာလေးဆယ်

၂.၂။ နေရာလိုက်တန်ဖိုး



လေ့ကျင့်ခန်း(၇)

၁။ ကိန်းရေးပါ။ ခုဂဏန်း၊ ဆယ်ဂဏန်း၊ ရာဂဏန်း ခွဲခြားပြပါ။

(က)



(ခ)



၂။ ၅၁၉ တွင် ရာဂဏန်းကိုရှာပါ။

၃။ ၉၃၁ တွင် ဆယ်ဂဏန်းကိုရှာပါ။

၄။ ၂၄၉ တွင် ခုဂဏန်းကိုရှာပါ။

၅။ ခုဂဏန်း၊ ဆယ်ဂဏန်း၊ ရာဂဏန်း ခွဲခြားပြပါ။

(က) ၅၃၇ (ဂ) ၄၉၂ (င) ၆၃၅

(ခ) ၁၅၉ (ဃ) ၈၀၃ (စ) ၃၅၆

၆။ အောက်ပါကိန်းတို့တွင် ရာဂဏန်းကိုရှာပါ။

(က) ၄၆၈ (ဂ) ၆၇၂ (င) ၈၀၂

(ခ) ၃၁၄ (ဃ) ၅၃၀ (စ) ၇၁၉

၇။ အောက်ပါကိန်းတို့တွင် ဆယ်ဂဏန်းကိုရှာပါ။

(က) ၂၄၁ (ဂ) ၁၆၇ (င) ၈၀၅

(ခ) ၃၉၆ (ဃ) ၂၈၃ (စ) ၉၂၆

၈။ အောက်ပါကိန်းတို့တွင် ခုဂဏန်းကိုရှာပါ။

(က) ၃၁၂ (ဂ) ၈၉၄ (င) ၁၅၇

(ခ) ၇၅၁ (ဃ) ၄၈၅

လေ့ကျင့်ခန်း(၈)

၁။ ရာဂဏန်း ၅ ရှိသော ကိန်းများကိုရှာပါ။

၃၁၅၊ ၂၅၆၂ ၊ ၂၅၉၃ ၊ ၂၅၀၆

၂။ ရာဂဏန်း ၈ ရှိသော ကိန်းများကိုရှာပါ။

၈၄၃ ၊ ၈၁၆ ၊ ၆၈၄ ၊ ၅၃၈

၃။ ဆယ်ဂဏန်း ၁ ရှိသော ကိန်းများကိုရှာပါ။

၃၁၂ ၊ ၅၂၁ ၊ ၄၁၂ ၊ ၂၁၅

၄။ ခုဂဏန်း ၃ ရှိသော ကိန်းများကိုရှာပါ။

၉၄၃ ၊ ၁၅၃ ၊ ၃၀၀ ၊ ၅၄၃

၂.၃။ ကိန်းများကိုနှိုင်းယှဉ်ခြင်း

(က) ၅ နှင့် ၃ မည်သည့်ကိန်းက ကြီးသနည်း။



၅ သည် ၃ ထက်ကြီးသည်။

၅ နှင့် ၃ မည်သည့်ကိန်းကကြီးသနည်း။



၅ သည် ၃ ထက်ကြီး၏။

သင်္ကေတဖြင့် အောက်ပါအတိုင်းရေးသည်။

၅ > ၃

(ခ) ၅ နှင့် ၃ မည်သည့်ကိန်းက ငယ်သနည်း။



၃ သည် ၅ အောက်ငယ်သည်။

၅ နှင့် ၃ မည်သည့်ကိန်းကငယ်သနည်း။



၃ သည် ၅ အောက်ငယ်သည်။

သင်္ကေတဖြင့် အောက်ပါအတိုင်းရေးသည်။

၃ < ၅

၅ သည် ၃ ထက်ကြီးသည်။ တစ်နည်းဆိုသော် ၃ သည် ၅ အောက်ငယ်သည်။ အဓိပ္ပာယ်တူသော ဖော်ပြချက်များဖြစ်သည်။

ထို့ကြောင့် ၅ > ၃ နှင့် ၃ < ၅ တို့သည်လည်း တူညီသောဖော်ပြချက်များဖြစ်သည်။

> သည် ကြီးသည်ဟု အဓိပ္ပာယ်ရသည်။

< သည် ငယ်သည်ဟု အဓိပ္ပာယ်ရသည်။

ငယ်သောကိန်းသည် ထောင့်ချွန်ဘက်တွင်ရှိသည်။

၅ > ၃ ကို ၅ အကြီး ၃ ဟုဖတ်သည်။

၃ < ၅ ကို ၃ အငယ် ၅ ဟုဖတ်သည်။

(ဂ) ၃၆ နှင့် ၃၅ မည်သည့်ကိန်းက ကြီးသနည်း။



၃၆ ၃၅ ဆယ်ဂဏန်းကိုကြည့်ပါ။
ဂဏန်းချင်းတူသည်။
၃၆ ၃၅ ခုဂဏန်းကိုကြည့်ပါ။
ဂဏန်းချင်း မတူပါ။
၆ သည် ၅ ထက်ကြီးသည်။

၃၆ သည် ၃၅ ထက်ကြီးသည်။

၃၆ > ၃၅

(ဃ) ၇၆၅ နှင့် ၇၄၆ မည်သည့်ကိန်းက ကြီးသနည်း။



၇၆၅ ၇၄၆ ရာဂဏန်းကိုကြည့်ပါ။
ဂဏန်းချင်းတူသည်။
၇၆၅ ၇၄၆ ဆယ်ဂဏန်းကိုကြည့်ပါ။
၆ သည် ၄ ထက်ကြီးသည်။

၇၆၅ သည် ၇၄၆ ထက်ကြီးသည်

၇၆၅ > ၇၄၆

(၎) ၇၅၂ နှင့် ၇၅၆ မည်သည့်ကိန်းက ငယ်သနည်း။

၇၅၂ ( ) ၇၅၆ ရာဂဏန်းကိုကြည့်ပါ။

↑ ↑ ဂဏန်းချင်းတူသည်။

၇၅၂ ( ) ၇၅၆ ဆယ်ဂဏန်းကိုကြည့်ပါ။

↑ ↑ ဂဏန်းချင်းတူသည်။

၇၅၂ ( ) ၇၅၆ ခဂဏန်းကိုကြည့်ပါ။

↑ ↑ ၂ သည် ၆ အောက်ငယ်သည်။

၇၅၂ သည် ၇၅၆ အောက်ငယ်သည်။

၇၅၂ < ၇၅၆

(၏) ( ) နေရာတွင် <(သို့မဟုတ်) > မှန်သော သင်္ကေတကို ထည့်ပါ။

၃၇ ( ) ၃၃	၂၁ ( ) ၂၅
၃၇ > ၃၃	၂၁ < ၂၅
၁၂၅ ( ) ၁၃၉	၂၃၅ ( ) ၂၃၁
၁၂၅ < ၁၃၉	၂၃၅ > ၂၃၁

လေ့ကျင့်ခန်း(၉)

( ) နေရာတွင် <သို့မဟုတ် > မှန်သော သင်္ကေတကို ထည့်ပါ။

၁။	၆	( )	၀	၆။	၁၂၆	( )	၉၂၆
၂။	၁၃	( )	၇	၇။	၅၁၇	( )	၅၁၅
၃။	၁၂	( )	၉	၈။	၃၇၈	( )	၃၇၉
၄။	၅၆	( )	၂၆	၉။	၇၇၄	( )	၇၇၀
၅။	၃၀	( )	၇၀	၁၀။	၄၅၃	( )	၄၆၃

၁၁။ ၂၅၈၊ ၈၂၅၊ ၅၈၂ ကိန်းများပေးထားသည်။

(က) မည်သည့်ကိန်းက အကြီးဆုံးဖြစ်သနည်း။

(ခ) မည်သည့်ကိန်းက အငယ်ဆုံးဖြစ်သနည်း။

၂.၆။ ကိန်းဘီအစဉ်

(က)



(ခ)



လေ့ကျင့်ခန်း(၁၀)

၁။ ကွက်လပ်များတွင် ကိန်းများကို အစဉ်လိုက်ရေးပါ။

(က) ၃၈ ၃၉ ___ ၄၁ ___ ___

(ခ) ၅၃၈ ၅၃၉ ___ ၅၄၁ ___ ___

၂။ ကွက်လပ်များတွင် ကိန်းများကို အစဉ်လိုက်ရေးပါ။

(က) ၇၆ ___ ၇၈ ___ ၈၀ ___ ___

(ခ) ၂၇၆ ___ ၂၇၈ ___ ___ ___ ___

၃။ ကွက်လပ်များတွင် ကိန်းများကို အစဉ်လိုက်ရေးပါ။

(က) ၈၆၀ ___ ___ ___ ___ ___ ___

(ခ) ___ ၂၅၅ ၂၅၆ ___ ___ ___ ___

(ဂ) ___ ___ ၅၂၃ ၅၂၄ ___ ___ ___

(ဃ) ___ ___ ___ ၇၆၂ ၇၆၃ ___ ___

(င) ၃၁၀ ___ ၃၁၂ ___ ___ ၃၁၅ ___

၄။ ၁၇၀ မှ ၂၀၀ အထိ ကိန်းများကို အစဉ်လိုက်ရေးပါ။

၅။ ၉၈၀ မှ ၁၀၀၀ အထိ ကိန်းများကို အစဉ်လိုက်ရေးပါ။

မျဉ်းကြောင်းပေါ်တွင် ကိန်းများကို အစဉ်လိုက်ပြထားသည်။



(က) ၃၄၇ သည် ၃၄၆ ထက် ၁ ကြီးသည်။

(ခ) ၃၄၆ သည် ၃၄၇ အောက် ၁ ငယ်သည်။

(ဂ) ၃၂၀၊ ၃၂၄၊ ၃၂၄ တို့သည် ၃၂၀ နှင့် ၃၂၄ ကြားမှ ရှိကြသည်။

လေ့ကျင့်ခန်း(၁၁)

အောက်ပါကိန်းတစ်ခုစီထက် ၁ ကြီးသော ကိန်းကိုရေးပါ။

၁။ ၃၃၂ ၂။ ၃၄၉ ၃။ ၃၁၇ ၄။ ၃၇၀

အောက်ပါကိန်းတစ်ခုစီအောက် ၁ ငယ်သော ကိန်းကိုရေးပါ။

၅။ ၃၁၄ ၆။ ၃၂၁ ၇။ ၃၅၆

အောက်ပါကိန်းနှစ်ခုကြားရှိ ကိန်းများကို အစဉ်လိုက်ရေးပါ။

၈။ ၃၄၀ နှင့် ၃၄၇ ၉။ ၃၁၇ နှင့် ၃၂၄

အောက်ပါကိန်းများကို ငယ်ရာမှ ကြီးရာသို့ အစဉ်လိုက်စီပါ။

၁၀။ ၃၅၊ ၂၈၊ ၄၆ ၁၁။ ၇၈၄၊ ၁၆၅၊ ၂၃၇

အောက်ပါကိန်းများကို ကြီးရာမှ ငယ်ရာသို့ အစဉ်လိုက်စီပါ။

၁၂။ ၉၃၂၊ ၇၁၉၊ ၈၂၃ ၁၃။ ၆၂၊ ၂၅၊ ၆၁၊ ၂၇

လေ့ကျင့်ခန်း(၁၂)

၁။ ၁ တိုး၍ရေးပါ။
(က) ၈၃ မှ ၈၈ ထိ
(ခ) ၁၈၃ မှ ၁၉၈ ထိ

၂။ ၂ တိုး၍ ရေးပါ။
(က) ၈၂ မှ ၉၂ ထိ
(ခ) ၂၄၆ မှ ၂၅၆ ထိ

၃။ ၅ တိုး၍ရေးပါ။
(က) ၆၅ မှ ၉၀ ထိ
(ခ) ၃၂၀ မှ ၃၅၅ ထိ

၄။ ၁၀ တိုး၍ ရေးပါ။
(က) ၂၅ မှ ၉၅ ထိ
(ခ) ၂၀၀ မှ ၂၈၀ ထိ

အခန်း(၃)
အပေါင်း

၃.၁။ ကိန်းပြောင်းဖွဲ့မှုမပါသော ပေါင်းခြင်း

ဥပမာ ၁။ မောင်မြတွင် သင်္ကြားလုံး ၂၅၄ လုံးရှိသည်။ မောင်စတွင် သင်္ကြားလုံး ၄၃၂ လုံးရှိသည်။ ၎င်းတို့နှစ်ယောက်တွင် ပေါင်းသင်္ကြားလုံးမည်မျှရှိသနည်း။

၂၅၄ + ၄၃၂ ကိုရှာရမည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်ဆင့်
၂ ၅ ၄ + ၄ ၃ ၂ ၆ ၈ ၆	ပေါင်းလဒ်ကိုရှာရန် ၂၅၄ နှင့် ၄၃၂ ကို ဒေါင်လိုက်ရေးပါ။ ၂၅၄ + ၄၃၂ ခုဂဏန်းချင်းပေါင်းပါ။ ၂၅၄ + ၄၃၂ ၆ ဆယ်ဂဏန်းချင်းပေါင်းပါ။ ၂၅၄ + ၄၃၂ ၈၆ ရာဂဏန်းချင်းပေါင်းပါ။ ၂၅၄ + ၄၃၂ ၆၈၆
အဖြေ ၆၈၆ လုံး	

လေ့ကျင့်ခန်း(၁)

တွက်ပါ။

၁။ ၇၁၂ + ၁၈၄ ၂။ ၂၀၃ + ၄၆၂ ၃။ ၃၅၆ + ၂၂၁ ၄။ ၆၇၂ + ၅

၃.၂။ ကိန်းပြောင်းဖွဲ့မှုပါသောပေါင်းခြင်း

သာဓက ၂။ မူလတန်းကျောင်းတစ်ကျောင်းတွင် ကျောင်းသား ၂၃၈ ယောက်၊ ကျောင်းသူ ၂၅၄ ယောက်ရှိသည်။ ပေါင်းမည်မျှနည်း။

၂၃၈ + ၂၅၄ ကိုရှာရမည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်အဆင့်
၂ ၃ ၈ + ၂ ၅ ၄ ၄ ၉ ၂	ခုဂဏန်းချင်းပေါင်းပါ။ ၈ + ၄ = ၁၂ ၁၂ ခု = ၁ ဆယ်နှင့် ၂ ခု ၁ ၂၃၈ + ၂၅၄ ၂ ဆယ်ဂဏန်းချင်းပေါင်းပါ။ ၁ + ၃ + ၅ = ၉ ၁ ၂၃၈ + ၂၅၄ ၉၂ ရာဂဏန်းချင်းပေါင်းပါ။ ၂ + ၂ = ၄ ၁ ၂၃၈ + ၂၅၄ ၄၉၂
အဖြေ ၄၉၂ ယောက်	

လေ့ကျင့်ခန်း(၂)

တွက်ပါ။

၁။ ၃၃၄ + ၃၇ ၂။ ၈၂၈ + ၆၄ ၃။ ၁၅၆ + ၄၀၆ ၄။ ၃၆၂ + ၉

သာဓက ၃။ ပြဖွဲ့သို့ လူကြီး ၁၈၃ ယောက်၊ ကလေး ၂၇၄ ယောက်လာသည်။ ပြဖွဲ့သို့ လာသူပေါင်း မည်မျှနည်း။

၁၈၃ + ၂၇၄ ကိုရှာရမည်။

သာဓက ၄။ လူ ၃၆၈ ယောက်သည် လက်ဖက်ရည်သောက်သည်။ ၁၉၄ ယောက် ကော်ဖီသောက်သည်။ လက်ဖက်ရည်၊ ကော်ဖီသောက်သူပေါင်း မည်မျှရှိသည်း။

၃၆၈ + ၁၉၄ ကို ရှာရမည်။

လေ့ကျင့်ခန်း(၃)

တွက်ပါ။

၁။ ၃၄ + ၅၆၃ ၂။ ၅၅၅ + ၁၁၁ ၃။ ၅၂၇ + ၅၃ ၄။ ၃၄၆ + ၂၀၂

၅။ ၂၄၈ + ၃၀၅ ၆။ ၅၅၆ + ၄၄၄ ၇။ ၆၁၄ + ၁၈၆ ၈။ ၂၄၄ + ၂၄၄

လေ့ကျင့်ခန်း(၄)

တွက်ပါ။

၁။ ၃၄ + ၅၆၃ ၂။ ၂၄၄ + ၂၄၄ ၃။ ၂၆၇ + ၆၅ ၄။ ၅၄ + ၅၆၃

၅။ ၂၄၈ + ၃၀၅ ၆။ ၅၅၆ + ၄၄၄ ၇။ ၆၁၄ + ၁၈၆ ၈။ ၂၄၄ + ၂၄၄

လေ့ကျင့်ခန်း(၅)

တွက်ပါ။

၁။ ၃၄ + ၅၆၃ ၂။ ၂၄၄ + ၂၄၄ ၃။ ၂၆၇ + ၆၅ ၄။ ၅၄ + ၅၆၃

၅။ ၂၄၈ + ၃၀၅ ၆။ ၅၅၆ + ၄၄၄ ၇။ ၆၁၄ + ၁၈၆ ၈။ ၂၄၄ + ၂၄၄

၃.၃။ ပုစ္ဆာတွက်ခြင်း

သာဓက ၆။ စာမေးပွဲ တစ်ခုတွင် ကျောင်းသား ၁၂၇ ယောက်၊ ကျောင်းသူ ၄၅ ယောက် ဖြေဆိုကြသည်။ ဖြေဆိုသူပေါင်း မည်မျှနည်း။

ဖြေဆိုသူပေါင်း = ၁၂၇ + ၄၅

$$\begin{array}{r} {\scriptstyle 1}\\ 127\\ +\ 45\\ \hline 172 \end{array}$$

အဖြေ။ ၁၇၂ ယောက်

လေ့ကျင့်ခန်း(၅)

၁။ မဓင်ခင်သည် အမှေထံမှ ၁၂ ကျပ်ရသည်။ အဖေထံမှ ၂၇ ကျပ်ရသည်။ ပေါင်းငွေ မည်မျှရသနည်း။

၂။ ပထမအိတ်တွင် သကြားလုံး ၂၀၃ လုံးရှိသည်။ ဒုတိယအိတ်တွင် သကြားလုံး ၂၄၄ လုံးရှိသည်။ သကြားလုံးပေါင်း မည်မျှရှိသနည်း။

၃။ မိန်းကလေး ၁၆ ယောက်တွင် သကြားလုံး ၈၉ လုံးရှိသည်။ ယောကျ်ားလေး ၁၈ ယောက်တွင် သကြားလုံး ၁၀၉ လုံးရှိသည်။

(က) ယောကျ်ားကလေးနှင့် မိန်းကလေးမည်မျှရှိသနည်း။

(ခ) သကြားလုံး မည်မျှရှိသနည်း။

၄။ ပထမတောင်းတွင် ငါး ၁၉၅ ကောင်ရှိသည်။ ဒုတိယတောင်းတွင် ငါး ၆၄ ကောင်ရှိသည်။ ငါးကောင်ရေ မည်မျှရှိသနည်း။

၅။ ပထမသေတ္တာတွင် ဘဲဥ ၃၇၅ လုံး၊ ဒုတိယသေတ္တာတွင် ဘဲဥ ၃၉၆ လုံးရှိသည်။ ထိုသေတ္တာ နှစ်လုံးတွင် ဘဲဥပေါင်း မည်မျှရှိသနည်း။

၃.၄။ ကိန်းသုံးလုံးပေါင်းခြင်း

သာဓက ၇။ မောင်တင်သည် ပုစ္ဆာသုံးပုဒ်ကျက်ရာ ပထမပုစ္ဆာ၌ ၅ မှတ်၊ ဒုတိယပုစ္ဆာ၌ ၉ မှတ်၊ တတိယပုစ္ဆာ၌ ၇ မှတ်ရသော် အမှတ်ပေါင်း မည်မျှရသနည်း။

(က) ဒေါင်လိုက် အထက်အောက်ပေါင်းပါ။

$$\begin{array}{r} ၅ \\ ၉ \\ +\,၇ \\ \hline ၂၁ \end{array}$$

စုစုပေါင်း ၂၁ မှတ်

(တစ်နည်း) ဒေါင်လိုက် အောက်အထက် ပေါင်းပါ။

$$\begin{array}{r} ၅ \\ ၉ \\ +\,၇ \\ \hline ၂၁ \end{array}$$

စုစုပေါင်း ၂၁ မှတ်

(ခ) အလျားလိုက် အောက်ပါအတိုင်း ပေါင်းပါ။

(၅ + ၉) + ၇ = ၁၄ + ၇

(၅ + ၉) + ၇ = ၂၁

စုစုပေါင်း ၂၁ မှတ်

(တစ်နည်း) အလျားလိုက် အောက်ပါအတိုင်း ပေါင်းပါ။

၅ + (၉ + ၇) = ၅ + ၁၆

၅ + (၉ + ၇) = ၂၁

စုစုပေါင်း ၂၁ မှတ်

$$(၅ + ၉) + ၇ = ၅ + (၉ + ၇)$$

သာဓက ၈။ မောင်ငယ်တွင် ဂေါ်လီ ၇ လုံးရှိသည်။ မောင်ကြီးက ၅ လုံး၊ မောင်လတ်က ၄ လုံး၊ မောင်ငယ်ကို ထပ်ပေးသည်။ မောင်ငယ်တွင် စုစုပေါင်းဂေါ်လီ မည်မျှရှိမည်နည်း။



(က)

မောင်ငယ်တွင်ရှိ စုစုပေါင်း ဂေါ်လီလုံး	=	မူလဂေါ်လီလုံးနှင့် မောင်ကြီးပေးသော ဂေါ်လီလုံး	+	မောင်လတ် ပေးသော ဂေါ်လီလုံး
	=	(၇ + ၅)	+	၄
	=	၁၂	+	၄
	=	၁၆ လုံး		



(ခ)

မောင်ငယ်တွင်ရှိ စုစုပေါင်း ဂေါ်လီလုံး	=	မူလရှိ ဂေါ်လီလုံး	+	မောင်ကြီးနှင့် မောင်လတ်ပေးသော ဂေါ်လီလုံး
	=	၇	+	(၅ + ၄)
	=	၇	+	၉
	=	၁၆ လုံး		

အထက်ပါတွက်နည်းများမှ တွေ့ရသည်မှာ

မူလဂေါ်လီနှင့် မောင်ကြီးပေး ဂေါ်လီ	+	မောင်လတ်ပေး ဂေါ်လီ	=	မူလရှိ ဂေါ်လီ	+	မောင်ကြီးနှင့် မောင်လတ်ပေး ဂေါ်လီ
(၇+၅)	+	၄	=	၇	+	(၅+၄)

သာဓက ၉။ $(၆ + ၅) + ၄ = ၁၁ + ၄$ $၄ + (၅ + ၆) = ၄ + ၁၁$

$= ၁၅$ $= ၁၅$

$$(၆ + ၅) + ၄ = ၄ + (၅ + ၆)$$

လေ့ကျင့်ခန်း(၆)

၁။ ကွက်လပ်ဖြည့်ပါ။

(က) $(၃+၈) + ၅ =$ ---- + ---- $= ----$ | $၃ + (၈+၅) =$ ---- + ---- $= ----$

(ခ) $(၄+၉) + ၆ =$ ---- + ---- $= ----$ | $၄ + (၉+၆) =$ ---- + ---- $= ----$

(ဂ) $(၆+၈) + ၃ =$ ---- + ---- $= ----$ | $၆ + (၈+၃) =$ ---- + ---- $= ----$

၂။ ကွက်လပ်ဖြည့်ပါ။

(က) $(၂+၇) + ၅ =$ ---- + ---- $= ----$ | $၂ + (၇+၅) =$ ---- + ---- $= ----$

$(၂ + ၇) + ၅ =$ ---- + (---- + ----)

(ခ) $(၈+၆) + ၉ =$ ---- + ---- $= ----$ | $၈ + (၆+၉) =$ ---- + ---- $= ----$

$(၈ + ၆) + ၉ =$ ---- + (---- + ----)

(ဂ) $(၇+၅) + ၆ =$ ---- + ---- $= ----$ | $၇ + (၅+၆) =$ ---- + ---- $= ----$

$(၇ + ၅) + ၆ =$ ---- + (---- + ----)

သာဓက ၁၀။ ခြံသမားတစ်ယောက်သည် မာလကာသီးများကို ၂၁၉ လုံး တစ်ကြိမ်၊ ၁၀၇ လုံး တစ်ကြိမ်၊ ၅၈ လုံး တစ်ကြိမ်ခူးသည်။ ခူးပြီးသော မာလကာသီးလုံးရေ မည်မျှနည်း။

၂၁၉ + ၁၀၇ + ၅၈ ကို ရှာရန်ဖြစ်သည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်အဆင့်
၂ ၂ ၁ ၉ ၁ ၀ ၇ + ၅ ၈ ၃ ၈ ၄ အဖြေ ၃၈၄ လုံး	ခုဂဏန်းချင်းပေါင်းပါ။ ၉ + ၇ + ၈ = ၂၄ ၂၄ ခု = ၂ ဆယ်နှင့် ၄ ခု ၂ ၂၁၉ ၁၀၇ + ၅၈ ၄ ဆယ်ဂဏန်းချင်းပေါင်းပါ။ ၂ + ၁ + ၀ + ၅ = ၈ ၂ ၂၁၉ ၁၀၇ + ၅၈ ၈၄ ရာဂဏန်းချင်းပေါင်းပါ။ ၂ + ၁ = ၃ ၂ ၂၁၉ ၁၀၇ + ၅၈ ၃၈၄

လေ့ကျင့်ခန်း(၇)

တွက်ပါ။

၁။ ၁၈ + ၁၅ + ၂၅

၂။ ၃၄ + ၁၂၂ + ၁၁၁

၃။ ၃၄၂ + ၂၃၁ + ၁၁၃

၄။ ၂၄၉ + ၅၃ + ၂၄

၅။ ၁၂၄ + ၃၄၉ + ၂၁၉

၆။ ၁၈၅ + ၇၃၁ + ၂၆

၇။ ၃+ ၁၈+ ၂၃၇

၈။ ၃၂၈ + ၂၄၅ + ၁၁၀

၃.၅။ ပုစ္ဆာတွက်ခြင်း

သာဓက ၁၁။ စာအုပ်ပုံ သုံးပုံရှိသည်။ ပထမအပုံတွင် ၁၁၇ အုပ်၊ ဒုတိယအပုံတွင် ၂၄အုပ်၊ တတိယအပုံတွင် ၅ အုပ်ရှိသည်။ စုစုပေါင်းမည်မျှရှိသနည်း။

စာအုပ်စုစုပေါင်း = ၁၁၇ + ၂၄ + ၅

၁၁၇
၂၄
+ ၅
၁၄၆

အဖြေ။ ၁၄၆ အုပ်

ငလေ့ကျင့်ခန်း(၈)

၁။ ပထမတောင်းတွင် မာလကာသီး ၂၄၈ လုံး၊ ဒုတိယတောင်းတွင် ၂၇၉ လုံး၊ တတိယတောင်းတွင် ၆၅လုံး ရှိသော်မာလကာသီးစုစုပေါင်းမည်မျှရှိမည်နည်း။

၂။ မီးရထားတွင် ယောကျ်ားကြီး ၂၉၅ ယောက်၊ မိန်းမကြီး ၁၇၈ ယောက်၊ ကလေး ၅၂ ယောက်လိုက်ပါလာကြ၏။ စုစုပေါင်းမည်မျှနည်း။

၃။ ဈေးသည်တစ်ဦးသည် ပထမနေ့တွင် သံပရာသီး ၂၃၆ လုံး၊ ဒုတိယနေ့တွင် ၁၈၇ လုံး၊ တတိယနေ့တွင် ၂၀၅ လုံး ရောင်းရ၏။ ရောင်းရသော သံပရာသီး စုစုပေါင်း ကိုရှာပါ။

၄။ ပထမခြင်းတွင် ရှောက်ရိုးသီး ၃၆၆ လုံး၊ ဒုတိယခြင်းတွင် ၃၉၂ လုံး၊ တတိယခြင်းတွင် ၂၁၂ လုံးရှိသော် ရှောက်ရိုးသီးစုစုပေါင်းမည်မျှရှိမည်နည်း။

၅။ ဦးဘသည့် ငွေစုဘဏ်တွင် ၃၅၀ ကျပ်တစ်ကြိမ်၊ ၂၇၅ ကျပ်တစ်ကြိမ်၊ ၃၀၀ ကျပ်တစ်ကြိမ်သွင်းလျှင် ငွေစုစုပေါင်း မည်မျှသွင်းသနည်း။

အခန်း(၄)
အနုတ်

၄.၁။ ကိန်းပြောင်းဖွဲ့မှုမပါသောနုတ်ခြင်း

သာဓက ၁။ လှလှတွင် စာရွက် ၂၇၅ ရွက်ရှိသည်။ ၁၄၃ ရွက်ကို မြမြအားပေးသည်။
လှလှတွင် စာရွက်မည်မျှကျန်သနည်း။
၂၇၅ – ၁၄၃ ကို ရှာရမည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်ဆင့်
၂၇၅ – ၁၄၃ ၁၃၂ အဖြေ ၁၃၂ ရွက်	ခြားနားခြင်းရှာရန် ၂၇၅ နှင့် ၁၄၃ ကိုဒေါင်လိုက်ရေးပါ။ ၂၇၅ – ၁၄၃ ခုဂဏန်းချင်း နုတ်ပါ။ ၅ – ၃ = ၂ ၂၇၅ – ၁၄၃ ၂ ဆယ်ဂဏန်းချင်း နုတ်ပါ။ ၇ – ၄ = ၃ ၂၇၅ – ၁၄၃ ၃၂ ရာဂဏန်းချင်း နုတ်ပါ။ ၂ – ၁ = ၁ ၂၇၅ – ၁၄၃ ၁၃၂

လေ့ကျင့်ခန်း(၁)

တွက်ပါ။

၁။ ၃၄၁ – ၂၂၁ ၂။ ၄၆၅ – ၁၁၂ ၃။ ၁၇၅ – ၄ ၄။ ၃၈၉ – ၂၄

၄.၂။ ကိန်းပြောင်းဖွဲ့မှုပါသောနုတ်ခြင်း

သာဓက ၂။ ကျောင်းတစ်ကျောင်းတွင် မိန်းကလေး ၃၉၃ ယောက်၊ ယောကျ်ားလေး ၂၈၆ ယောက်ရှိသည်။ မိန်းကလေးဦးရေက ယောကျ်ားလေးဦးရေထက် မည်မျှ ပိုသနည်း။

၃၉၃ − ၂၈၆ ကို ရှာရမည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်အဆင့်
၈ ၁၃ ၃ ၉ ၃ − ၂ ၈ ၆ ၁ ၀ ၇ အဖြေ ၁၀၇ ယောက်	၃ မှ ၆ မနုတ်နိုင်၍ ၉ ဆယ်မှ ၁ ဆယ်ယူပြီး ၁၀ ခုအဖြစ် ခု နေရာသို့ပို့ကာ ၃ နှင့် ပေါင်းပါ။ ၈ ၁၃ ၃ ၉ ၃ − ၂ ၈ ၆ ခုဂဏန်းချင်းနုတ်ပါ။ ၁၃ − ၆ = ၇ ၈ ၁၃ ၃ ၉ ၃ − ၂ ၈ ၆ ၇ ဆယ်ဂဏန်းချင်းနုတ်ပါ။ ၈ − ၈ = ၀ ၈ ၁၃ ၃ ၉ ၃ − ၂ ၈ ၆ ၀ ၇ ရာဂဏန်းချင်းနုတ်ပါ။ ၃ − ၂ = ၁ ၈ ၁၃ ၃ ၉ ၃ − ၂ ၈ ၆ ၁ ၀ ၇

လေ့ကျင့်ခန်း(၂)

တွက်ပါ။

၁။ ၈၃၂ − ၆ = ?

၂။ ၉၅၀ − ၄၆ = ?

၃။ ၉၆၇ − ၁၀၈ = ?

၄။ ၃၆၅ − ၃၄၆ = ?

သာဓက ၃။ စာအုပ်ဆိုင်တစ်ဆိုင်တွင် စာအုပ်ပေါင်း ၅၅၆ အုပ်ရှိသည်။ စာအုပ် ၂၈၂ အုပ်ကိုရောင်းလိုက်သည်။ စာအုပ်ပေါင်း မည်မျှကျန်သနည်း။

၅၅၆ − ၂၈၂ ကို ရှာရမည်။

လေ့ကျင့်ခန်း (၃)

တွက်ပါ။

၁။ ၃၀၆ − ၉၆ = ?

၂။ ၅၀၇ − ၁၃၂ = ?

၃။ ၈၀၀ − ၅၆ = ?

၄။ ၆၀၄ − ၂၂၆ = ?

၅။ ၃၄၄ − ၂၇၂ = ?

၆။ ၆၇၉ − ၃၀၅ = ?

၇။ ၅၂၉ − ၄၉၈ = ?

၈။ ၆၀၃ − ၃၀၁ = ?

သာဓက ၄။ ရုံးတစ်ရုံးတွင် အမျိုးသား ၄၂၇ ယောက်၊ အမျိုးသမီး ၁၅၈ ယောက် ရှိသည်။ အမျိုးသားဦးရေက အမျိုးသမီးဦးရေထက် မည်မျှပိုသနည်း။

၄၂၇ − ၁၅၈ ကိုရှာရမည်။

သာဓက ၅။ တောင်းတစ်တောင်းတွင် သစ်တော်သီး ၅၀၄ လုံးရှိသည်။ ၁၂၅ လုံးရောင်းလိုက်သော် မည်မျှကျန်သနည်း။

၅၀၄ − ၁၂၅ ကိုရှာရမည်။

လေ့ကျင့်ခန်း (၄)

တွက်ပါ။

၁။ ၃၁၁ − ၁၈၇ = ?

၂။ ၄၀၇ − ၁၃၈ = ?

၃။ ၉၀၆ − ၄၉ = ?

၄။ ၆၀၄ − ၂၂၆ = ?

၅။ ၆၃၇ − ၂၈၈ = ?

၆။ ၈၀၂ − ၃၀၆ = ?

သာဓက ၆။ ၃၄၈ − ၁၇၂ ကို တွက်ပါ။

၃၄၈ − ၁၇၂

၂ ၁၄
~~၃~~ ~~၄~~ ၈
− ၁ ၇ ၂
၁ ၇ ၆

အဖြေ ၁၇၆

လေ့ကျင့်ခန်း (၅)

တွက်ပါ။

၁။ ၅၈၇ − ၃၅၂ ၂။ ၇၆၅ − ၁၃၇ ၃။ ၅၄၉ − ၂၅၃ ၄။ ၆၇၇ − ၂၈၄
၅။ ၃၅၈ − ၀၁၅ ၆။ ၇၂၉ − ၂၃၄ ၇။ ၅၁၀ − ၁၉၅ ၈။ ၅၂၁ − ၂၆၂

လေ့ကျင့်ခန်း (၆)

၁။ အောက်ပါတို့ကိုတွက်၍ အဖြေများကို ကွက်လပ်တွင်ဖြည့်ပါ။

		=
(က)	၅၂	၃၈
(ခ)	၁၈၅	
(ဂ)	၄၁၆	
(ဃ)	၂၇	
(င)	၁၀၉	

၈ ၁၂
~~၉~~ ~~၄~~
− ၃ ၄
၅ ၈

လေ့ကျင့်ခန်း (၇)

၁။ အလျားလိုက်ပေါင်းပါ။ ဒေါင်လိုက်ပေါင်းပါ။ အဖြေများကို ကွက်လပ်တွင်ဖြည့်ပါ။

(က)

၃၆	၁၈	၅၄
၁၂	၂၇	
၄၈		

(ခ)

၁၀၅	၂၁၅	
၄၃၆	၁၆၇	

(ဂ)

၃၁၈	၁၄	
၆၂၅	၂၉	

၂။ အလျားလိုက် နုတ်ပါ။ အေငင်လိုက်နုတ်ပါ။ အဖြေများကို ကွက်လပ်တွင် ဖြည့်ပါ။

(က)

၇၅	၃၇	၂၃
၃၂	၁၃	
၄၃		

(ခ)

၄၁၈	၂၂၃	
၃၅၄	၂၀၆	

(ဂ)

၈၇၄	၄၉	
၇၂၈	၃၆	

၄.၃။ ပုစ္ဆာတွက်ခြင်း

သာဓက ၇။ ဈေးသည်တစ်ဦးတွင် သစ်တော်သီး ၅၁၃ လုံးရှိသည်။ ၁၀၅ လုံး ရောင်းလိုက်သော် သစ်တော်သီး မည်မျှကျန်သနည်း။

ကျန်သောသစ်တော်သီး = ၅၁၃ − ၁၀၅

```
  ၀ ၁၃
  ၅ ⁄ ⁄
− ၁ ၀ ၅
---------
  ၄ ၀ ၈
```

အဖြေ။ ၄၀၈ လုံး

လေ့ကျင့်ခန်း(ခ)

၁။ အခန်းတစ်ခုတွင် ကုလားတိုင် ၁၂၉ လုံးနှင့်စားပွဲ ၁၈ လုံးရှိသည်။ စားပွဲ အရေအတွက်ထက် ကုလားထိုင်အရေအတွက်က မည်မျှပိုသနည်း။

၂။ နှစ်ထပ်သင်္ဘောတစ်စင်း၏ အပေါ်ထပ်တွင် ထိုင်ခုံ ၁၁၅ ခုရှိသည်။ အောက်ထပ်တွင် ထိုင်ခုံ ၁၃၈ ခုရှိသည်။ အောက်ထပ်ရှိ ထိုင်ခုံများသည် အပေါ်ထပ်ရှိထိုင်ခုံများထက် မည်မျှပိုများသနည်း။

၃။ ဆိုင်တစ်ဆိုင်တွင် ထီး ၂၃၈ လက်ရှိသည်။ အနက်ရောင်ထီးသည် ၁၄၆ လက်ဖြစ်သော် အနက်ရောင်မဟုတ်သော ထီးအလက်ပေါင်းမည်မျှဖြစ် သနည်း။

၄။ တောင်းတစ်တောင်းတွင် မာလကာသီး ၃၅၄ လုံးရှိသည်။ ၁၆၆ လုံး ပုပ် သွားသော် မာလကာသီးအကောင်း မည်မျှကျန်သနည်း။

၅။ လူတစ်ယောက်သည် ငွေ ၅၀၅ ကျပ်စုမိသည်။ ထိုငွေထဲမှ ၂၄၇ ကျပ်သုံး လိုက်သော် ငွေမည်မျှကျန်သနည်း။

သာဓက ၈။ ဆိုင်တစ်ဆိုင်တွင် ငှက်ပျောခိုင် ၃၂၅ ခိုင်ရှိသည်။ ၁၈၃ ခိုင်ရောင်း လိုက်သော် ငှက်ပျောခိုင် မည်မျှကျန်သနည်း။

ကျန်သောငှက်ပျောခိုင် = ၃၂၅ − ၁၈၃

```
  ၂ ၁၂
  ၃ ၂ ၅
- ၁ ၈ ၃
---------
  ၁ ၄ ၂
```

အဖြေ။ ၁၄၂ ခိုင်

သာဓက ၉။ ၅၂၇ နှင့် ၃၉၄ တို့၏ပေါင်းလဒ်မှ ၂၂၁ ကိုနုတ်ပါ။

```
    ၁ ၁
  ၅ ၂ ၇
+ ၃ ၉ ၄
---------
  ၉ ၂ ၁
- ၂ ၂ ၁
---------
  ၇ ၀ ၀
```

အဖြေ။ ၇၀၀

လေ့ကျင့်ခန်း(၉)

၁။ ၄၅၀ နှင့် ၃၀၇ တို့၏ ပေါင်းလဒ်မှ ၂၈၉ ကိုနုတ်ပါ။

၂။ ကျေးရွာတစ်ရွာတွင် နှစ်စဉ် လူဦးရေ ၈၃၂ ယောက်ရှိသည်။ ထိုနှစ်အတွင်း ၁၈ ယောက်သေ၍ ၅၉ ယောက်မွေးဖွားသော် နှစ်အဆုံး၌ လူဦးရေမည်မျှရှိသနည်း။

၃။ မောင်လှသည် ငွေ ၃၃၂ ကျပ်၊ မောင်မြသည် ငွေ ၁၉၀ ကျပ်စုထားသည်။ မောင်လှသည် မောင်မြထက် ငွေမည်မျှပိုစုမိသနည်း။

၄။ မွေးမြူရေးသမားတစ်ယောက်တွင် ကြက် ၁၉၅ ကောင်ရှိသည်။ ၈၅ ကောင် ထပ်ဝယ်သော် ပေါင်းမည်မျှဖြစ်လာမည်နည်း။ ၄င်းတို့အနက် ၂၀၈ ကောင် ရောင်းလိုက်သော် ကြက်မည်မျှကျန်သနည်း။

၅။ သင်္ဘောတစ်စင်းတွင် ခရီးသည် ၂၈၅ ယောက်ပါသည်။ ဆိပ်ကမ်းတစ်ခုသို့ ရောက်သောအခါ ၇၄ ယောက်ဆင်းသွားပြီး ၈၉ ယောက် တက်လာသော် သင်္ဘောပေါ်တွင် ခရီးသည်ပေါင်းမည်မျှရှိမည်နည်း။

အခန်း(၅)

ကျွမ်းကျင်စေတဲ့ဆိုင်ရာပုံသဏ္ဌာန်များ

၅.၁။ ပုံသဏ္ဌာန်အမျိုးမျိုး

အောက်ပါ အရာဝတ္ထုတို့ကို ကြည့်ပါ။



ထိုအရာဝတ္ထုတို့တွင် အဝိုင်းပုံများပါသည်။

အဝိုင်းပုံကို စက်ဝိုင်းဟုခေါ်သည်။

အောက်ပါတို့သည် စက်ဝိုင်းများဖြစ်ကြသည်။



အောက်ပါပုံတို့ကိုကြည့်ပါ။



ထိုပုံမျိုးကို ထောင့်မှန်စတုဂံဟုခေါ်သည်။

အောက်ပါပုံတို့သည် ထောင့်မှန်စတုဂံများဖြစ်ကြသည်။



အောက်ပါပုံတို့ကို ကြည့်ပါ။





ထိုပုံမျိုးကို စတုရန်းဟုခေါ်သည်။

အောက်ပါတို့သည် စတုရန်းများဖြစ်ကြသည်။



ပုံ(က)

ပုံ(က)အတိုင်း ထောင့်မှန်စတုဂံ စတ္တူတစ်ရွက်ကိုယူပါ။



ပုံ (ခ)

ပုံ(ခ)အတိုင်း ခေါက်ပါ။ ခဲခြစ်ထားသည့်အပိုင်းကို ဖြတ်လိုက်ပါ။



ပုံ (ဂ)

ခေါက်ရိုးမျဉ်းအတိုင်းဖြန့်လိုက်လျှင် ပုံ (ဂ) အတိုင်းပုံတစ်ပုံရမည်။

ထိုပုံသည် စတုရန်းဖြစ်သည်။

အောက်ပါပုံတို့ကိုကြည့်ပါ။

ထိုပုံမျိုးကို တြိဂံဟုခေါ်သည်။

အောက်ပါတို့သည် တြိဂံများဖြစ်ကြသည်။



လေ့ကျင့်ခန်း (၁)

အောက်ပါပုံများ၏ အမည်ကိုဖော်ပြပါ။

(က)

(ခ)

(ဂ)

(ဃ) 

(င)

(စ)

(ဆ)

(ဇ)

(ဈ) 

(ည)

(ဋ) 

(ဌ) 

(ဍ)

(ဎ)

(ဏ) 

၅.၂။ အနားများ

အောက်ပါပုံတို့တွင် အနားတစ်ဘက်စီကိုခြစ်၍ အနားစုစုပေါင်းကို ရေတွက်ပြထားသည်။



အနားစုစုပေါင်း (၄) နား



အနားစုစုပေါင်း (၃) နား

လေ့ကျင့်ခန်း(၂)

ပုံအောက်ပါပုံအသီးသီး၏ အနားစုစုပေါင်းကို ရေတွက်ပြပါ။

(က)

(ဃ)

(ဆ)

(ခ)

(ဇ)

(ဈ)

(ဂ) 

(စ) 

(ဈ) 

အထက်ပါပုံများကိုကြည့်၍ ကွက်လပ်တို့ကို ဖြည့်ပါ။

(၁) တြိဂံတစ်ခုတွင် အနား ..... နားရှိသည်။

(၂) ထောင့်မှန်စတုဂံတစ်ခုတွင် အနား ..... နားရှိသည်။

(၃) စတုရန်းတစ်ခုတွင် အနား ..... နားရှိသည်။

၅.၃။ ထောင့်များ

နံရံနှစ်ခုဆုံသည့်နေရာတွင် ထောင့်ဖြစ်ပေါ်သည်။



လယ်ကွက်တစ်ခုတွင် ကန်သင်းရိုးနှစ်ခုဆုံရာ၌ ထောင့်ဖြစ်ပေါ်သည်။

ထိထောင့်ကို အောက်ပါအတိုင်းခြင်း ဖော်ပြနိုင်သည်။



အောက်ပါပုံတို့တွင် ထောင့်ကို ∠ အမှတ်အသားပြု၍ ရေတွက်ပြထားသည်။



ထောင့်(၄)ထောင့်



ထောင့်(၃)ထောင့်

လေ့ကျင့်ခန်း(၃)

အောက်ပါပုံအသီးသီး၏ ထောင့်များကို ∠ အမှတ်အသားပြု၍ ရေတွက်ပြပါ။

(က)

(ခ)

(ဂ)



(ဃ)

(င)

(စ)



(ဆ)

(ဇ)



(ဈ)

အထက်ပါပုံတို့ကိုကြည့်၍ ကွက်လပ်တို့ကိုဖြည့်ပါ။

(၁) တြိဂံတစ်ခုတွင် ထောင့် ____ ထောင့်ရှိသည်။

(၂) ထောင့်မှန်တေ့ာင်္ဂံတစ်ခုတွင် ထောင့် ____ ထောင့်ရှိသည်။

(၃) စတုဂံနှံးတစ်ခုတွင် ထောင့် _____ ထောင့် ရှိသည်။

အောက်ပါပုံတို့တွင် ထောင့်များပါဝင်ကြောင်း သတ်ပြနိုင်သည်။



လေ့ကျင့်ခန်း(၄)

အောက်ပါပုံများမှ ထောင့်ပါသည့်ပုံတို့ကို ဖော်ပြပါ။

(က) 

(ဂ) 

(င) 

(ခ)

(ဃ) 

(စ) 

၅.၄။ ထောင့်မှန်

စက္ကူတစ်ရွက်ကို နှစ်ခေါက်ခေါက်ပါ။



ပုံ(ခ) ပုံ(ဂ)



ပုံ(က) ပုံ(ခ)

ထို့နောက် ခေါက်ရိုးမျဉ်းတစ်ထပ်တည်းကျအောင် ခေါက်ပါ။



ပုံ(၃)

ပုံ(ဂ)

ထိုအခါ စက္ကူခေါက်တစ်ခု ရမည်။



ပုံ(၄)

ပုံ(ဃ)

စက္ကူခေါက်ရိုးနှစ်ခုအကြား၌ ထောင့်သည် ထောင့်မှန်ဖြစ်သည်။

ထောင့်မှန်ကို ⌐ အမှတ်အသားဖြင့်ပြသည်။

ဖော်ပြပါ ထောင့်မှန်ပါသော စက္ကူခေါက်ကိုသုံး၍ အောက်ပါပုံတို့တွင် ထောင့်မှန်များပါရှိ ကြောင်း လက်တွေ့စမ်းသပ်နိုင်သည်။



လေ့ကျင့်ခန်း(၅)

၁။ အောက်ပါထောင့်များမှ ထောင့်မှန်တို့ကို ရွေးပါ။

(ထောင့်မှန်ပါသော စက္ကူခေါက်ကို အသုံးပြုနိုင်သည်။)

(က)

(ဂ)

(င) 

(ဆ)

(ဈ)

(ခ)

(ဃ)

(စ)

(ဇ)

၂။ အောက်ပါပုံများမှ ထောင့်မှန်ပါသော ပုံတို့ကိုရွေးပါ။

(က)

(ဂ)

(c) 

(ခ) 

(ဃ) 

(စ) 

ထောင့်မှန်ပါသည့်ပုံအသီးသီးတွင် ပါဝင်သောထောင့်မှန်အရေအတွက်ကိုရှာပါ။

အောက်ပါကွက်လပ်တို့ကိုဖြည့်ပါ။

(က) ထောင့်မှန်စတုဂံတစ်ခုတွင် ထောင့်မှန် ..... ခုပါသည်။

(ခ) စတုရန်းတစ်ခုတွင် ထောင့်မှန် ..... ခုပါသည်။

၃။ အောက်ပါတြိဂံများမှ ထောင့်မှန်ပါသည့် တြိဂံများကိုရွေးပါ။

(က)

(ခ)

(ဂ)

(ဃ) 

(c) 

၅-၅။ ထောင့်မှေးပုံဆွဲခြင်း

လေ့ကျင့်ခန်း(၆)

၁။ အောက်ပါပုံတို့နှင့်တူသည့် ပုံတို့ကိုဆွဲပါ။

(က)

(ခ)

(ဂ)



(ဃ)



(င)

(စ)



(ဆ)



(ဇ)

(ဈ)

(ဉ)



၂။ တောင်ဘက်စတုဂံပုံ သုံးပုံဆွဲပါ။

၃။ စတုရန်းပုံ သုံးပုံဆွဲပါ။

၄။ တြိဂံပုံ သုံးပုံဆွဲပါ။

၅-၆။ တစ်ထပ်တည်းကျသောပုံများ

လေ့ကျင့်ခန်း(၇)

အောက်ပါပုံများမှ တစ်ထပ်တည်းကျသော ပုံတို့ကိုရွေးပါ။

၁။



(က) (ခ) (ဂ) (ဃ)

၂။



(က) (ခ) (ဂ) (ဃ)

၃။



(က) (ခ) (ဂ) (ဃ)

၄။



(က) (ခ) (ဂ) (ဃ)

၅။



(က) (ခ) (ဂ) (ဃ)

၅.၇။ ခေါက်ချိုးညီခြင်း



မောင်ဖြိုးသည် စက္ကူတစ်ရွက်ကို ပုံအတိုင်းစ၍ခေါက်သည်။



ခေါက်ထားသောခေါက်ရိုးတစ်နေရာမှ စ၍ ပုံအတိုင်း စက္ကူကို ဆုတ်ဖြဲရာ၊ အခြားခေါက်ရိုးတစ်နေရာတွင် အဆုံးသတ်သည်။

ဆုတ်ဖြဲ၍ရလာသည့် စက္ကူကို ဖြန့်လိုက်သည်။

ခေါက်ရိုးနေရာမှ ချိုး၍ထပ်လျှင် စက္ကူအခြမ်းနှစ်ခြမ်းသည် တစ်ထပ်တည်းကျသည်။ အဆိုပါပုံသည် ခေါက်ချိုးညီပုံဖြစ်သည်။



ပုံတွင်ဆွဲထားသောမျဉ်းအတိုင်း
ခေါက်ရိုးရှိုးလျှင်ခေါက်ရှိုးညီမည်။



ပုံတွင်ဆွဲထားသောမျဉ်းအတိုင်း
ခေါက်ရိုးရှိုးလျှင်ခေါက်ရှိုးမညီပါ။

လေ့ကျင့်ခန်း(၈)

အောက်ပါပုံများတွင်ပါသည့် မျဉ်းအတိုင်း ခေါက်ရိုးရှိုးလျှင် ခေါက်ရှိုးညီ/မညီ ဖြေပါ။

၁။ 

၄။

၇။

၁၀။

၂။

၅။

၈။ 

၁၁။ 

၃။

၆။ 

၉။

၁၂။

အခန်း(၆)

အမြောက်

၆.၁။ အမြောက်၏သဘော

ပုံအားလုံးတွင် အမည်းစက် မည်မျှရှိသနည်း။



အမည်းစက် ၆ စက်တို့ကို ၄ ခါ တွေ့ရသည်။

အမည်းစက်အရေအတွက် စုစုပေါင်း = ၆ + ၆ + ၆ + ၆ = ၂၄

၆ လေးကြိမ် ပါဝင်သည်။

ထို့ကြောင့် အမည်းစက်အရေအတွက် စုစုပေါင်း = ၆ လေးလီ

= ၆ × ၄

သို့ဖြစ်၍ ၆ × ၄ = ၂၄

၂၄ သည် ၆ နှင့် ၄ တို့၏ မြောက်လဒ်ဖြစ်သည်။

(က) ၁ ဘူးလျှင် ဂေါ်လီ ၃ လုံးရှိသည်။ ၅ ဘူးတွင် ဂေါ်လီလုံးမည်မျှရှိမည်နည်း။



၃+၃+၃+၃+၃=၁၅

၃ ငါးလီ=၁၅

၃ × ၅ =၁၅

၅× ၃ ဆိုသည်မှာ ၃ ငါးကြိမ်ပေါင်းထားခြင်းဖြစ်သည်။

(ခ) ၁ ဘူးလျှင် ဂေါ်လီ ၅ လုံးရှိသည်။ ၃ ဘူးတွင် ဂေါ်လီလုံး မည်မျှရှိမည်နည်း။



၅+၅+၅=၁၅

၅ သုံးလီ = ၁၅

၅ × ၃=၁၅

၅× ၃ ဆိုသည်မှာ ၅ သုံးကြိမ်ပေါင်းထားခြင်းဖြစ်သည်။

သာဓက။ ညီမျှခြင်းများကူးချ၍ ကွက်လပ်ဖြည့်ပါ။



၂ + ၂ + ၂ = ၆

၂ × ၃ = ၆

လေ့ကျင့်ခန်း (၁)

ညီမျှခြင်းများကူးချ၍ကွက်လပ်ဖြည့်ပါ။

၁။



၅+၅+၅+၅+၅ = ____ ၅ × ၅= ____

၂။



၄+၄+၄+၄ = ____ ၄ × ၄= ____

၃။



၆+၆+၆ = ____ ၆ × ၃ = ____

၄။



၃+၃+၃+၃ = ____ ၃ × ၄= ____

၆.၂။ ဆခွဲကိန်းများနှင့် မြှောက်လဒ်များ

(က) ကေါ်လီ ၂ လုံးစီပါသောအထုပ် ၆ ထုပ်။



ပုံကိုကြည့်၍ အမြှောက်ဆိုင်ရာ ကိန်းညီမျှခြင်းကိုရေးလျှင်

၂ × ၆ = ၁၂

↑ ↑ ↑

ဆခွဲကိန်း မြှောက်ဒဒ်

၁၂၏ ဆခွဲကိန်းများသည် ၂ နှင့် ၆ ဖြစ်သည်။

(ခ) ကေါ်လီ ၆ လုံးစီပါသောအထုပ် ၂ ထုပ်။



ပုံကိုကြည့်၍ အမြှောက်ဆိုင်ရာ ကိန်းညီမျှခြင်းကိုရေးလျှင်

၆ × ၂ = ၁၂

↑ ↑ ↑

ဆခွဲကိန်း မြှောက်လဒ်

၁၂၏ ဆခွဲကိန်းများသည် ၆ နှင့် ၂ ဖြစ်သည်။

(ဂ) ကေါ်လီလုံး ၃ လုံးစီပါသောအထုပ် ၄ ထုပ်



၃ × ၄ = ၁၂

(ဃ) ကေါ်လီလုံး ၄ လုံးစီပါသောအထုပ် ၃ ထုပ်



၄ × ၃ = ၁၂

၁၂ ၏ ဆခွဲကိန်းများသည် ၃ နှင့် ၄ ဖြစ်သည်။

ကွက်လပ်ဖြည့်ပါ။

၁။ (က) ငါး ၄ ကောင်စီပါသောအထုပ် ၅ ထုပ်။

၄ × ၅ = ———

(ခ) ငါး ၅ ကောင်စီပါသောအထုပ် ၄ ထုပ်။



၅ × ၄ = ———

——— ၏ဆခွဲကိန်းများသည် ——— နှင့် ——— ဖြစ်သည်။

၂။ (က) ပန်းသီး ၆လုံးစီပါသောအထုပ် ၄ ထုပ်



၆ × ၄ = ———

(ခ) ပန်းသီး ၄လုံးစီပါသော အထုပ် ၆ ထုပ်



၄ × ၆ = ———

——— ၏ဆခွဲကိန်းများသည် ——— နှင့် ——— ဖြစ်သည်။

၃။ (က) သကြားလုံး ၇လုံးစီထုပ်ထားသော အထုပ် ၃ ထုပ်



၇ × ၃ = ———

(ခ) သကြားလုံး ၃လုံးစီထုပ်ထားသော အထုပ် ၇ ထုပ်



၃ × ၇ = ———

——— ၏ဆခွဲကိန်းများသည် ——— နှင့် ——— ဖြစ်သည်။

၁၁ အလီယေးတည်ဆောက်ပုံ

၁၁	(၁၁ တစ်လီ) ၁၁ × ၁ = ၁၁
၁၁+၁၁	(၁၁ နှစ်လီ) ၁၁ × ၂ = ၂၂
၁၁+၁၁+၁၁	(၁၁ သုံးလီ) ၁၁ × ၃ = ၃၃
၁၁+၁၁+၁၁+၁၁	(၁၁ လေးလီ) ၁၁ × ၄ = ၄၄
၁၁+၁၁+၁၁+၁၁+၁၁	(၁၁ ငါးလီ) ၁၁ × ၅ = ၅၅
၁၁+၁၁+၁၁+၁၁+၁၁+၁၁	(၁၁ ခြောက်လီ) ၁၁ × ၆ = ၆၆
၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁	(၁၁ ခုနစ်လီ) ၁၁ × ၇ = ၇၇
၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁	(၁၁ ရှစ်လီ) ၁၁ × ၈ = ၈၈
၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁	(၁၁ ကိုးလီ) ၁၁ × ၉ = ၉၉
၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁+၁၁	(၁၁ ဆယ်လီ) ၁၁ × ၁၀ = ၁၁၀

အောက်ပါ ၁၁ အလီယေးကို ကူးရေးကြည့်ပါ။

၁၁ အလီယေး

၁၁ × ၁ =	၁၁
၁၁ × ၂ =	၂၂
၁၁ × ၃ =	၃၃
၁၁ × ၄ =	၄၄
၁၁ × ၅ =	၅၅
၁၁ × ၆ =	၆၆
၁၁ × ၇ =	၇၇
၁၁ × ၈ =	၈၈
၁၁ × ၉ =	၉၉
၁၁ × ၁၀ =	၁၁၀

လေ့ကျင့်ခန်း(၃)

၁။ ကွက်လပ်ဖြည့်ပါ။

၁၁ × ၃ = ...

၁၁ × ၂ = ...

၁၁ × ၅ = ...

၁၁ × ၄ = ...

၁၁ × ၁ = ...

၁၁ × ၆ = ...

၁၁ × ၈ = ...

၁၁× ၁၀ = ...

၁၁ × ၉ = ...

၁၁ × ၇ = ...

၂။ ကွက်လပ်ဖြည့်ပါ။

၁၁ × ..... = ၄၄	၁၁ × ..... = ၂၂	၁၁ × ၀ = ...
..... × ၁၁ = ၆၆	..... × ၁၁ = ၉၉	..... × ၈၁ = ၇၇
၁၁ × ၈ = ...	၁၁ × ၅ = ...	၀ × ၁၁ = ...

ပုစ္ဆာတွက်ခြင်း

သာဓက။ ခါးပတ် ၁ ခုကို ၁၁ ကျပ်ပေးရသည်။ ခါးပတ် ၂ ခုတန်ဖိုး ကိုရှာပါ။

၁၁ × ၂ = ၂၂

အဖြေ ၂၂ ကျပ်

လေ့ကျင့်ခန်း(၄)

၁။ စာအုပ် ၁ အုပ်ကို ၁၁ ကျပ်ပေးရသည်။ စာအုပ် ၃ အုပ်အတွက် မည်မျှ ပေးရသနည်း။

၂။ ကလေး ၁ ယောက်ကို ဂေါ်လီ ၁၁ လုံးကျဝေသည်။ ကလေး ၅ ယောက် အတွက် ဂေါ်လီမည်မျှဝေရသနည်း။

၃။ ဦးထုပ် ၁ လုံးလျှင် ၁၁ ကျပ်ပေးရသည်။ ဦးထုပ် ၄ လုံးအတွက် ငွေမည်မျှပေး ရသနည်း။

၄။ ယပ်တောင် ၁ ခုလျှင် ၁၁ ကျပ်ပေးရသည်။ ယပ်တောင် ၆ ခုအတွက် ငွေမည်မျှပေး ရသနည်း။

အောက်ပါအလီဇယားကိုကူးရွှေကျက်ပါ။

၁၂ အလီဇယား

၁၂ × ၁ = ၁၂	၁၂ × ၁ = ၁၂
၁၂ × ၂ = ၂၄	၁၂ × ၂ = ၂၄
၁၂ × ၃ = ၃၆	၁၂ × ၃ = ၃၆
၁၂ × ၄ = ၄၈	၁၂ × ၄ = ၄၈
၁၂ × ၅ = ၆၀	၁၂ × ၅ = ၆၀
၁၂ × ၆ = ၇၂	၁၂ × ၆ = ၇၂
၁၂ × ၇ = ၈၄	၁၂ × ၇ = ၈၄
၁၂ × ၈ = ၉၆	၁၂ × ၈ = ၉၆
၁၂ × ၉ = ၁၀၈	၁၂ × ၉ = ၁၀၈
၁၂ × ၁၀ = ၁၂၀	၁၂ × ၁၀ = ၁၂၀

လေ့ကျင့်ခန်း(၅)

၁။ ကွက်လပ်ဖြည့်ပါ။

၁၂ × ၄ = ... ၁၂ × ၅ = ... ၁၂ × ၇ = ...

၁၂ × ၂ = ... ၁၂ × ၆ = ... ၁၂ × ၁၀ = ...

၁၂ × ၁ = ... ၁၂ × ၉ = ...

၁၂ × ၃ = ... ၁၂ × ၈ = ...

၂။ ကွက်လပ်ဖြည့်ပါ။

၁၂ × ..... = ၇၂ ..... × ၁၂ = ၉၆ ၁၂ × ၀ = ...

..... × ၁၂ = ၆၀ ၁၂ × ..... = ၁၀၈ ၁၂ × ..... = ၈၄

၁၂ × ၂ = ... × ၁၂ = ၂၆ ၀ × ၁၂ = ...

ပုစ္ဆာတွက်ခြင်း

သာဓက။ ဦးထုပ် ၁ လုံးလျှင် ၁၂ ကျပ်ပေးရသည်။
ဦးထုပ် ၇လုံးအတွက် ငွေမည်မျှပေးရမည်နည်း။

၁၂ × ၇ = ၈၄ အဖြေ ၈၄ ကျပ်

လေ့ကျင့်ခန်း(၆)

၁။ ခဲတံ ၁ ဘူးလျှင် ခဲတံ ၁၂ ချောင်းပါသည်။
ခဲတံ ၇ ဘူးတွင် ခဲတံမည်မျှပါသနည်း။

၂။ ပန်းကန်ပြား ၁ ချပ်လျှင် မလိုင်လုံး ၁၂ လုံးထည့်ထားသည်။
ပန်းကန်ပြား ၄ ချပ်တွင် မလိုင်လုံး မည်မျှထည့်ထားသနည်း။

၃။ ကလေး ၁ ယောက်လျှင် သကြားလုံး ၁၂ လုံးကျွေးသည်။
ကလေး ၃ ယောက်အတွက် သကြားလုံးမည်မျှကျွေးရမည်နည်း။

၄။ အိတ် ၁ လုံးလျှင် ၁၂ ကျပ်ပေးရသည်။
အိတ် ၉ လုံးအတွက် ငွေမည်မျှပေးရသနည်း။

၆.၃။ အပြည့်ကိန်း ဂုဏ်သတ္တိ

၀၊ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ..... စသည့်ကိန်းတို့ကို အပြည့်ကိန်းများဟုခေါ်သည်။ ထိုအပြည့်ကိန်းများ၏ ဂုဏ်သတ္တိအချို့ကို လေ့လာကြမည်။

(က) ကော်လီ ၁၂ လုံးရှိသည်။



ကော်လီ ၁၂ လုံးကို ၃ လုံးတစ်ထုပ် ထုပ်သော် ၄ ထုပ်ရသည်။



၃ × ၄ = ၁၂

ကော်လီ ၁၂ လုံးကို ၄ လုံးတစ်ထုပ် ထုပ်သော် ၃ ထုပ်ရသည်။



၄ × ၃ = ၁၂

တဖန် ၃ × ၄ = ၃ လေးလီ = ၁၂

၄ × ၃ = ၄ သုံးလီ = ၁၂

ထို့ကြောင့် ၃ လေးလီ = ၄ သုံးလီ

၃ × ၄ = ၄ × ၃

၃ × ၄ = ၁၂ နှင့် ၄ × ၃ = ၁၂ ကို အောက်ပါအတိုင်းခေါင်လိုက်မြှောက်နိုင်သည်။

၄ ⟵ ဆခွဲကိန်း ⟶ ၃

× ၃ ⟵ ဆခွဲကိန်း ⟶ × ၄

၁၂ ⟵ မြှောက်လဒ် ⟶ ၁၂

၄ ကိုတည်၊ ၃ ဖြင့်မြှောက်၍ရသော မြှောက်လဒ်သည် ၃ ကိုတည်၊ ၄ ဖြင့် မြှောက်၍ရသော မြှောက်လဒ်နှင့် တူညီသည်။ တစ်နည်းဆိုသော် ၃ လေးလီ၏ တန်ဖိုးသည် ၄ သုံးလီ၏ တန်ဖိုးနှင့် တူညီသည်။

(ခ) ၁ × ၄ = ၁ + ၁ + ၁ + ၁ = ၄

၁ × ၅ = ၁ + ၁ + ၁ + ၁ + ၁ = ၅

၁ × ၇ = ၁ + ၁ + ၁ + ၁ + ၁ + ၁ + ၁ = ၇

ဤသာဓကများအရ ကိန်းတစ်လုံးနှင့် ၁ တို့၏ မြှောက်လဒ်သည် ထိုကိန်းပင်ဖြစ်ကြောင်း တွေ့ရသည်။

တစ်၏ဂုဏ်သတ္တိ

တစ်ကို အပြည့်ကိန်းများနှင့်မြှောက်လျှင် အောက်ပါအတိုင်း တွေ့ရသည်။

၁ × ဝ = ဝ × ၁ = ဝ

၁ × ၁ = ၁

၁ × ၂ = ၂ × ၁ = ၂

၁ × ၃ = ၃ × ၁ = ၃

၁ × ၄ = ၄ × ၁ = ၄

မည်သည့်အပြည့်ကိန်းကိုမဆို ၁ နှင့်မြှောက်လျှင် မြှောက်လဒ်သည် ထိုအပြည့် ကိန်းပင်ဖြစ်သည်။

ထို့ကြောင့် ၁ ကို အမြှောက်ထပ်တူရကိန်းဟုခေါ်သည်။

(ဂ) ဝ × ၄ = ဝ + ဝ + ဝ + ဝ = ဝ

ဝ × ၅ = ဝ + ဝ + ဝ + ဝ + ဝ = ဝ

ဝ × ၇ = ဝ + ဝ + ဝ + ဝ + ဝ + ဝ + ဝ = ဝ

ဤသာဓကများအရ ကိန်းတစ်လုံးနှင့် ဝ (သုည)တို့၏ မြှောက်လဒ်သည် ဝ (သုည) ပင်ဖြစ်ကြောင်း တွေ့ရသည်။

၃ × ၄ = ၄ × ၃ ဖြစ်ကြောင်းကို သိပြီးဖြစ်သည်။

ထိုနည်းတူစွာ ဝ × ၄ = ၄ × ဝ ဖြစ်သည်ဟု မှတ်ရမည်။

တစ်နည်းဆိုသော် ဝ (သုည) လေးလီ၏ တန်ဖိုးသည် ၄ သုည (ဝ)လီ၏ တန်ဖိုးနှင့် တူညီသည်။

အပြည့်ကိန်း ၂ လုံးမြောက်ရာ၌ ရှေ့နောက်အစီအစဉ်ဖလှယ်၍ မြောက်သော်လည်း တူညီသောမြောက်လဒ်ရခြင်းသည် အပြည့်ကိန်း၏ ဂုဏ်သတ္တိတစ်ခုဖြစ်သည်။

"သုည"၏ ဂုဏ်သတ္တိ

သုညကို အပြည့်ကိန်းများနှင့် ပေါင်းလျှင် အောက်ပါအတိုင်း တွေ့ရသည်။

၀ + ၀ = ၀

၁ + ၀ = ၀ + ၁ = ၁

၂ + ၀ = ၀ + ၂ = ၂

၃ + ၀ = ၀ + ၃ = ၃

သုညတွင် ထူးခြားသော အောက်ပါဂုဏ်သတ္တိရှိသည်။

မည်သည့်အပြည့်ကိန်းကိုမဆို ၀ (သုည)နှင့်ပေါင်းလျှင် ပေါင်းလဒ်သည် ထိုအပြည့်ကိန်းပင်ဖြစ်သည်။

ထို့ကြောင့် သုညကို **အပေါင်းထပ်တူရကိန်း** ဟုခေါ်သည်။

သုညကို အပြည့်ကိန်းများနှင့်မြောက်လျှင် အောက်ပါအတိုင်းတွေ့ရသည်။

၀ × ၀ = ၀

၀ × ၁ = ၁ × ၀ = ၀

၀ × ၂ = ၂ × ၀ = ၀

၀ × ၃ = ၃ × ၀ = ၀

..... = ... = ...

(၀) သုညတွင် အခြားထူးခြားသော ဂုဏ်သတ္တိတစ်ခုရှိ၏။

မည်သည့်အပြည့်ကိန်းကိုမဆို ၀ (သုည)နှင့် မြောက်လျှင် မြောက်လဒ်သည် သုည ဖြစ်သည်။

လေ့ကျင့်ခန်း(၇)

၁။ ကွက်လပ်ဖြည့်ပါ။

၁၂ × ၁ = ...	၁ × ၁၂ = ...
၁၂ × ၂ = ...	၂ × ၁၂ = ...
၁၂ × ၃ = ...	၃ × ၁၂ = ...
၁၂ × ၄ = ...	၄ × ၁၂ = ...
၁၂ × ၅ = ...	၅ × ၁၂ = ...
၁၂ × ၆ = ...	၆ × ၁၂ = ...
၁၂ × ၇ = ...	၇ × ၁၂ = ...
၁၂ × ၈ = ...	၈ × ၁၂ = ...
၁၂ × ၉ = ...	၉ × ၁၂ = ...
၁၂ × ၁၀ = ...	၁၀ × ၁၂ = ...

၂။ ကွက်လပ်ဖြည့်ပါ။

(က) ၂ × ၆ = ... (ဃ) ၇ × ၂ = ...

(ခ) ၆ × ၃ = ... (င) ၁၂ × ၄ = ...

(ဂ) ၂ × ၂ = ... (စ) ၄ × ၁၂ = ...

၃။ တွက်ပါ။

(က) ၂ × ၇	(ဃ) ၈ × ၂	(ဆ) ၃ × ၄	(ဉ) ၅ × ၃
(ခ) ၇ × ၂	(င) ၁ × ၅	(ဇ) ၄ × ၃	(ဈ) ၀ × ၃
(ဂ) ၂ × ၈	(စ) ၅ × ၁	(ဈ) ၃ × ၅	(ဋ) ၃ × ၀

၆.၄။ ၁၀၊ ၁၀၀ နှင့် မြှောက်ခြင်း

ပန်းသီး ၅ ခြင်းရှိသည်။ ခ ခြင်းလျှင် ၁၀ လုံးပါသည်။ ပန်းသီးအလုံးပေါင်း မည်မျှပါသနည်း။

အောက်ပါအတိုင်း ပန်းသီးအလုံးပေါင်းကို ပေါင်း၍ရှာနိုင်သည်။

၁၀
၁၀
၁၀
၁၀
+ ၁၀

၅၀

အောက်ပါအတိုင်း အတိုနည်းအားဖြင့် မြှောက်၍ရှာနိုင်သည်။

၁၀ × ၅ = ၅၀

၁ ဆယ် × ၅ = ၅ ဆယ်

ခြင်းအားလုံးတွင် ပန်းသီးအလုံး ၅၀ ပါသည်။

သာဓက။ ၁၀၀ × ၆ ကိုတွက်ပါ။

၁၀၀ × ၆ = ၆၀၀ ၁ ရာ × ၆ = ၆ ရာ

လေ့ကျင့်ခန်း(စ)

တွက်ပါ။

၁။ ၆ × ၁၀ ၄။ ၁၀ × ၇ ၇။ ၃ × ၁၀၀

၂။ ၁၀ × ၉ ၅။ ၉ × ၁၀၀ ၈။ ၆၉ × ၁၀

၃။ ၅ × ၁၀၀ ၆။ ၁၀၀ × ၆ ၉။ ၁၀ × ၇၉

၆.၅။ ၁၀၊ ၁၀၀ ၏ ဆတိုးကိန်းများ

သရက်သီး ၃ ခြင်းရှိသည်။ ၁ ခြင်းလျှင် အလုံး ၅၀ ထည့်သည်။ သရက်သီး အလုံးပေါင်း မည်မျှရှိသနည်း။

အောက်ပါအတိုင်း သရက်သီးအလုံးပေါင်းကို ပေါင်း၍ရှာနိုင်သည်။

$$\begin{array}{r} ၅၀ \\ ၅၀ \\ +\ ၅၀ \\ \hline ၁၅၀ \end{array}$$

အောက်ပါအတိုင်း အတိုနည်းဖြင့် မြှောက်၍ရှာနိုင်သည်။

၅၀ × ၃ = ၁၅၀

၅ ဆယ် × ၃ = ၁၅ ဆယ်

သရက်သီးအလုံးပေါင်း ၁၅၀ ရှိသည်။

သာဓက ၁။ ၈ × ၁၀၀ ကိုတွက်ပါ။
၈ × ၁၀၀ = ၈၀၀ ၈ × ၁ ရာ = ၈ ရာ
သာဓက ၂။ ၂၀၀ × ၅ ကို တွက်ပါ။
၂၀၀ × ၅ = ၁၀၀၀ ၂ ရာ × ၅ = ၁၀ ရာ

လေ့ကျင့်ခန်း(၉)

တွက်ပါ။

၁။ ၄ × ၃၀	၄။ ၇ × ၉၀	၇။ ၈ × ၆၀
၂။ ၃ × ၃၀	၅။ ၇၀ × ၄	၈။ ၄၀ × ၄
၃။ ၃၀ × ၈	၆။ ၆ × ၆၀	၉။ ၉ × ၄၀

၆.၆။ ဂဏန်းတစ်လုံးပါသော ကိန်းဖြင့် မြှောက်ခြင်း အပြည့်ကိန်း၏ဂုဏ်သတ္တိ

အောက်ပါတို့၏ မြှောက်လဒ်အသီးသီးကို နှိုင်းယှဉ်လေ့လာပါ။

၁။ $(၁၀ + ၂) \times ၃$ နှင့် $၁၀ \times ၃ + ၂ \times ၃$

၂။ $၃ \times (၁၀ + ၂)$ နှင့် $၃ \times ၁၀ + ၃ \times ၂$

၁။ ကွင်းအတွင်းရှိ ကိန်းနှစ်လုံး ၁၀၊ ၂ ကို ဦးစွာပေါင်းပြီး ၃ နှင့် မြှောက်လျှင် အောက်ပါအတိုင်းရသည်။

$$(၁၀ + ၂) \times ၃ = ၁၂ \times ၃$$
$$= ၃၆$$

ကွင်းအတွင်းရှိ ကိန်းတစ်လုံးစီ ၁၀၊ ၂ ကို ၃ နှင့် မြှောက်၍ ရသည့် မြှောက်လဒ် ၂ ခုကို ပေါင်းလျှင် အောက်ပါအတိုင်းရသည်။

$$(၁၀ \times ၃) + (၂ \times ၃) = ၃၀ + ၆$$
$$= ၃၆$$

ထို့ကြောင့် $(၁၀ + ၂) \times ၃ = ၁၀ \times ၃ + ၂ \times ၃$

၂။ ကွင်းအတွင်းရှိ ကိန်းနှစ်လုံး ၁၀၊ ၂ ကိုဦးစွာပေါင်းပြီး ၃ နှင့်မြှောက်လျှင် အောက်ပါအတိုင်း ရသည်။

$$၃ \times (၁၀ + ၂) = ၃ \times ၁၂$$
$$= ၃၆$$

ကွင်းအတွင်းရှိ ကိန်းတစ်လုံးစီ ၁၀၊ ၂ ကို ၃ နှင့်မြှောက်၍ ရသည့်မြှောက်လဒ်နှစ်ခုကို ပေါင်းလျှင်လည်း အောက်ပါအတိုင်းရသည်။

$$(၃ \times ၁၀) + (၃ \times ၂) = ၃၀ + ၆$$
$$= ၃၆$$

ထို့ကြောင့် $၃ \times (၁၀ + ၂) = ၃ \times ၁၀ + ၃ \times ၂$

$(၁၀ + ၂) \times ၃ = ၁၀ \times ၃ + ၂ \times ၃$

$၃ \times (၁၀ + ၂) = ၃ \times ၁၀ + ၃ \times ၂$

ဖော်ပြပါတို့သည် အပြည့်ကိန်း၏ မြှောက်ခြင်းဆိုင်ရာ ထူးခြားသော ဂုဏ်သတ္တိ တစ်ခုဖြစ်သည်။

ကိန်းပြောင်းဖွဲ့မှုမပါသော မြှောက်ခြင်း

သာဓက ၁။ မုန့် ၁ ထုပ်လျှင် မုန့် ၂၁ ချပ်ပါသည်။
မုန့်ထုပ် ၄ ထုပ်တွင် မုန့်ချပ်မည်မျှပါသနည်း။
၂၁ × ၄ ကိုရှာရမည်။

လက်တွေ့တွက်နည်း	**တွက်နည်းအဆင့်ဆင့်**
၂ ၁ × ၄ ဂ ၄ အဖြေ။ ဂ၄ ချပ်	၄ နှင့် ခုဂဏန်း ၁ ကိုမြှောက်ပါ။ ၄ × ၁ခု = ၄ ခု ၄ ခုရသည်။ ၂ ၁ × ၄ ၄ ၄ နှင့် ဆယ်ဂဏန်း ၂ ကိုမြှောက်ပါ။ ၄ × ၂ဆယ် = ဂဆယ် ဂ ဆယ်ရသည်။ ၂ ၁ × ၄ ဂ ၄

အကက်ပါလက်တွေ့တွက်နည်းသည် **အေင်လိုက်မြှောက်နည်း**ဖြစ်သည်။
ထိုနည်းကို အပြည့်ကိန်းဂုဏ်သတ္တိအရှင်းလျှင် အောက်ပါအတိုင်းတွေ့ရသည်။

၂၁ × ၄ = (၂၀ + ၁)× ၄
= ၂၀ × ၄ + ၁ × ၄

၄ နှင့် ခုဂဏန်း ၁ ကို မြှောက်ခြင်း

၄ နှင့် ဆယ်ဂဏန်း ၂ ကို မြှောက်ခြင်း

= ၈၀ + ၄
= ဂ၄

လေ့ကျင့်ခန်း(၁၀)

တွက်ပါ။

၁။ ၁၄ × ၂ = ?

၂။ ၁၁ × ၅ = ?

၃။ ၁၃၃ × ၃ = ?

၄။ ၃၂၂ × ၃ = ?

၅။ ၁၂၂ × ၄ = ?

၆။ ၂ × ၄ = ?

၇။ ၅၂၃ × ၂ = ?

၈။ ၂၀၀ × ၄ = ?

၉။ ၂၁၁ × ၃ = ?

၁၀။ ၃၁၂ × ၂ = ?

ကိန်းပြောင်းစွဲမှုပါသော မြှောက်ခြင်း

သာဓက ။ ။ ပေတံ ၁ ချောင်းလျှင် ၂၃ ကျပ်ပေးရသည်။ ပေတံ ၄ ချောင်း အတွက် ငွေမည်မျှပေးရသနည်း။

၂၃ × ၄ ကို ရှာရမည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်ဆင့်
၁ ၂ ၃ × ၄ ၉ ၂	၄ နှင့် ခုဂဏန်း ၃ ကိုမြှောက်ပါ။ ၄ × ၃ ခု = ၁၂ ခု ၁၂ ခု = ၁ ဆယ်နှင့် ၂ ခု ၁ ဆယ်ကို ဆယ်နေရာသို့ပို့ပါ။ ၁ ၂ ၃ × ၄ ၂ ၄ နှင့် ရှိရင်းစွဲ ဆယ်ဂဏန်း ၂ ကိုမြှောက်ပါ။ ၄ × ၂ ဆယ် = ၈ ဆယ် ၈ ဆယ်နှင့် ဆယ်နေရာသို့ ပို့ထားသော ၁ ဆယ် ကို ပေါင်းပါ။ ၁ ၂ ၃ × ၄ ၉ ၂
အဖြေ ၉၂ ကျပ်	

တစ်ဖက်ပါအေါင်လိုက်မြောက်နည်းကို အပြည့်ကိန်း ဂုဏ်သတ္တိအရ ရှင်းလျင် အောက်ပါအတိုင်း တွေ့ရသည်။

၂၃ × ၄ = (၂၀ + ၃) × ၄

= ၂၀ × ၄ + ၃ × ၄

၄ နှင့် ခုဂဏန်း ၃ ကို မြောက်ခြင်း

၄ နှင့် ရှိရင်းစွဲဆယ်ဂဏန်း ၂ ကို မြောက်ခြင်း

= ၈၀ + ၁၂

= ၉၂

လေ့ကျင့်ခန်း(၁၁)

တွက်ပါ။

၁။ ၁၂ × ၈

၂။ ၁၈ × ၄

၃။ ၃၇ × ၂

၄။ ၂၆ × ၃

၅။ ၁၃ × ၇

၆။ ၁၄ × ၅

သာဓက ၃။ ဘူး ၁ ဘူးလျှင် အပဲ ၂၁၆ ချောင်းပါသည်။
ဘူး ၄ ဘူးတွင် အပဲမည်မျှပါသနည်း။
၂၁၆ × ၄ ကိုရှာရမည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်ဆင့်
၂ ၂ ၁ ၆ × ၄ ၈ ၆ ၄ အဖြေ ၈၆၄ ချောင်း	၄ × ၆ = ၂၄ ခု ၂၄ ခု = ၂ ဆယ်နှင့် ၄ ခု ၂ ဆယ်ကို ဆယ်နေရာသို့ ပို့ပါ။ ၂ ၂ ၁ ၆ × ၄ ၄ ၄ × ၁ ဆယ် = ၄ ဆယ် ၄ ဆယ် + ၂ ဆယ် = ၆ ဆယ် ၂ ၂ ၁ ၆ × ၄ ၆ ၄ ၄ × ၂ ရာ = ၈ ရာ ၂ ၂ ၁ ၆ × ၄ ၈ ၆ ၄

လေ့ကျင့်ခန်း(၁၂)

တွက်ပါ။

၁။ ၁၀၃ × ၇

၂။ ၂၁၉ × ၃

၃။ ၁၁၆ × ၆

၄။ ၁၂၆ × ၃

သာဓက ၄။ စက္ကူ ၁ ထုပ်လျှင် စာရွက် ၂၅၂ ရွက်ပါသည်။ ထိုစက္ကူ ၃ ထုပ်တွင် စာရွက်မည်မျှပါသနည်း။

၂၅၂ × ၃ ကို ရှာရမည်။

လေ့ကျင့်ခန်း(၁၃)

၁။ ၂၇၃ × ၃

၂။ ၁၆၀ × ၅

၃။ ၂၇၆ × ၃

၄။ ၁၉၂ × ၄

၅။ ၁၂၁ × ၈

၆။ ၁၂၁ × ၆

သာဓက ၅။ မောင်တော်ကားတစ်စီးသည် ၁ နာရီလျှင် ၄၅ မိုင် သွားသည်။ ၃ နာရီတွင် မိုင်ပေါင်းမည်မျှသွားသနည်း။

လေ့ကျင့်ခန်း (၁၄)

တွက်ပါ။

၁။ ၇၉ × ၃

၂။ ၈၉ × ၅

၃။ ၆၂ × ၈

၄။ ၅၈ × ၄

၅။ ၉၃ × ၆

၆။ ၁၁ × ၉

သာဓက ၆။ ခြင်း ၁ ခြင်းစီတွင် ပန်းသီး ၁၃၅ လုံးပါသည်။ ခြင်း ၅ ခြင်းတွင် ပန်းသီးမည်မျှပါသနည်း။

၁၃၅ × ၅ ကိုရှာရမည်။

တွက်ပါ။

၁။ ၁၆၂ × ၆

၂။ ၁၂၃ × ၇

၃။ ၂၅၉ × ၃

၄။ ၁၃၄ × ၅

၅။ ၁၂၄ × ၈

၆။ ၂၄၇ × ၂

၆.၇။ ဂဏန်းနှစ်လုံးပါသောကိန်းဖြင့် မြှောက်ခြင်း

သာဓက ၇။ စာအုပ် ၁ အုပ်လျှင် ၃၅ ကျပ်ပေးရသော် စာအုပ် ၁ ဒါဇင် အတွက် ငွေမည်မျှ ပေးရမည်နည်း။ (၁ ဒါဇင် = ၁၂ ခု)

၃၅ × ၁၂ ကို ရှာရမည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်ဆင့်
၆ ၃ ၅ × ၁ ၂ ၇ ၀ ၀ အဖြေ ၄၂၀ ကျပ်	၁၂ နှင့် ခုဏန်း ၅ ကို မြှောက်ပါ။ ၁၂ × ၅ ခု = ၆၀ ခု ၆၀ ခု = ၆ ဆယ်နှင့် ၀ ခု ၆ ဆယ်ကို ဆယ်နေရာသို့ပို့ပါ။ ၆ ၃ ၅ × ၁၂ ၀ ၁၂ နှင့် ဆယ်ဂဏန်း ၃ ကို မြှောက်ပါ၊ ၁၂ × ၃ ဆယ် = ၃၆ ဆယ် ၃၆ ဆယ် + ၆ ဆယ် = ၄၂ ဆယ် ၄၂ ဆယ် = ၄ ရာနှင့် ၂ ဆယ် ၆ ၃ ၅ × ၁၂ ၄ ၂ ၀

အခြားတစ်နည်းဖြင့်တွက်သော်

၃၅
× ၁၂
၇၀ ← ၃၅ × ၂ = ၇၀
၃၅၀ ← ၃၅ × ၁၀ = ၃၅၀
၄၂၀

၆.၈။ ပုစ္ဆာတွက်ခြင်း

သာဓက ၈။ တောင်း ၁ တောင်းတွင် လိမ္မော်သီး ၁၁၆ လုံးစီထည့်ထားသည်။
တောင်း ၄ တောင်းတွင် လိမ္မော်သီး မည်မျှထည့်ထားသနည်း။

ထည့်ထားသော လိမ္မော်သီး = ၁၁၆ × ၄

၂
၁၁၆
× ၄
---
၄၆၄ အဖြေ။ ၄၆၄ လုံး

သာဓက ၉။ ကလေး ၁ ယောက်လျှင် ၄က်ပျော်သီး ၃ လုံးစီဝေပေးသည်။
ကလေး ၁၅၂ ယောက်အတွက်၄က်ပျော်သီးမည်မျှဝေပေးရသနည်း။

ဝေပေးသော၄က်ပျော်သီး = ၃ × ၁၅၂

၁
၁၅၂
× ၃
---
၄၅၆ အဖြေ။ ၄၅၆ လုံး

လေ့ကျင့်ခန်း(၁၆)

၁။ အိတ် ၁ လုံးလျှင် ချိုချဉ် ၁၄၅ လုံးစီထည့်ထားသည်။ အိတ် ၄ လုံးဟွင် ချိုချဉ်မည်မျှထည့်ထားသနည်း။

၂။ စာအိတ် ၁ အိတ်လျှင် ၉ ကျပ်ထည့်သော် စာအိတ် ၁၀၆ အိတ်တွင် ငွေ မည်မျှထည့်ရမည်နည်း။

၃။ အိတ် ၁ အိတ်လျှင် သကြားလုံး ၁၂၆ လုံးစီထည့်ထားသည်။ အိတ် ၆ အိတ်တွင် သကြားလုံး မည်မျှထည့်ထားသနည်း။

၄။ ခြင်း ၁ ခြင်းတွင် ဆီးသီး ၁၁၅ လုံးပါသည်။ ခြင်း ၇ ခြင်းတွင် ဆီးသီး မည်မျှပါသနည်း။

၅။ ကြိုး ၁ ခွေတွင် ၆၅ ကိုက်ရှိသည်။ ကြိုး ၁၂ ခွေတွင် ကိုက် မည်မျှရှိသနည်း။

အခန်း(၇)

အစား

၇.၁။ အစား၏သဘော



(က) မောင်အောင်သည် သော့ ၈ ချောင်းကို ၁ ပုံလျှင် ၂ ချောင်း ကျပုံသည်။ အပုံမည်မျှရမည်နည်း။



(ခ) မောင်မောင်သည် သော့ ၈ ချောင်းကို ၁ ပုံလျှင် ၄ ချောင်းကျပုံသည်။ အပုံမည်မျှရမည်နည်း



၈ ÷ ၂ = ၄

တည်ကိန်း စားကိန်း စားလဒ်

၈ ÷ ၂ = ၄ ဆိုသည်မှာ ၈ မှ ၂ခုစီယူ၍ ပုံခြင်းဖြင့် ၄ ပုံ ရသည်ဟု ဆိုလိုသည်။

၈ ÷ ၄ = ၂

တည်ကိန်း စားကိန်း စားလဒ်

၈ ÷ ၄ = ၂ ဆိုသည်မှာ ၈ မှ ၄ခုစီယူ၍ပုံခြင်းဖြင့် ၂ပုံရသည်ဟုဆိုလိုသည်။

လေ့ကျင့်ခန်း(၁)

ကွက်လပ်ဖြည့်ပါ။

၁။

၆ ÷ ၂ = ------

၂။

၂၀ ÷ ၅ = ------

၃။

၂၈ ÷ ၄ = ------

၄။

၂၄ ÷ ၆ = ------

၅။

၁၅ ÷ ၃ = ------

၆။

၂၈ ÷ ၇ = ------

၇။

၂၁ ÷ ၇ = ------

၈။

၂၀ ÷ ၄ = ------

၇.၂။ စားကိန်းနှင့်စားလဒ်ဆက်သွယ်ချက်

(က) လိမ္မော်သီး ၆ လုံးရှိသည်။
၁ ပုံလျှင် ၂ လုံးကျပုံသည်။
အပုံမည်မျှရမည်နည်း။



၆ ÷ ၂ = ၃
အဖြေ။ ၃ ပုံ

(ခ) လိမ္မော်သီး ၆ လုံးရှိသည်။ ၁ ပုံ
လျှင် ၃ လုံးကျပုံသည်။ အပုံမည်
မျှရမည်နည်း။



၆ ÷ ၃ = ၂
အဖြေ။ ၂ ပုံ

လေ့ကျင့်ခန်း(၂)

ကွက်လပ်ဖြည့်ပါ။

၁။ ချိုချဉ် ၂၁ လုံးရှိသည်။
၁ ထုပ်လျှင် ၇ လုံးကျထည့်သော်
အထုပ်မည်မျှရမည်နည်း။



၂၁ ÷ ၇ = ------

အဖြေ။ .....ထုပ်

၂။ ချိုချဉ် ၂၁ လုံးရှိသည်။
၁ ထုပ်လျှင် ၃ လုံးကျထည့်သော်
အထုပ်မည်မျှရမည်နည်း။



၂၁ ÷ ၃ = ------

အဖြေ။ .....ထုပ်

၃။ ဆီးသီး ၂၄ လုံးရှိသည်။
၁ ထုပ်လျှင် ၈ လုံးကျထည့်သော်
အထုပ်မည်မျှရမည်နည်း။



_____ ÷ _____ = _____

အဖြေ။ .....ထုပ်

၄။ မလိုင်လုံး ၂၇ လုံးရှိသည်။
၁ ထုပ်လျှင် ၉ လုံးကျထည့်သော်
အထုပ်မည်မျှရမည်နည်း။



_____ ÷ _____ = _____

အဖြေ။ .....ထုပ်

သာဓက ၁၂ ÷ ၃ ကို လွယ်ကူသော ပုံဆွဲ၍တွက်ပါ။



လေ့ကျင့်ခန်း(၃)

၁။ လွယ်ကူသောပုံများဆွဲ၍တွက်ပါ။

(က) ၈ ÷ ၂
(ခ) ၈ ÷ ၄
(ဂ) ၁၂ ÷ ၃
(ဃ) ၁၂ ÷ ၄
(င) ၁၅ ÷ ၃
(စ) ၁၅ ÷ ၅
(ဆ) ၂၀ ÷ ၄
(ဇ) ၂၀ ÷ ၅
(ဈ) ၂၄ ÷ ၄
(ည) ၂၄ ÷ ၆
(ဋ) ၃၀ ÷ ၅
(ဌ) ၃၀ ÷ ၆

၇.၃။ အမြှောက် နှင့် အစား ဆက်သွယ်ချက်

(က) ၇ × ၅ = ၃၅ ၅ × ၇ = ၃၅
၃၅ ÷ ၇ = ၅ ၃၅ ÷ ၅ = ၇

(ခ) ၇ × ၄ = ၂၈ ၄ × ၇ = ၂၈
၂၈ ÷ ၇ = ၄ ၂၈ ÷ ၄ = ၇

(ဂ) ၈ × ၅ = ၄၀ ၅ × ၈ = ၄၀
၄၀ ÷ ၈ = ၅ ၄၀ ÷ ၅ = ၈

လေ့ကျင့်ခန်း(၄)

ကွက်လပ်ဖြည့်ပါ။

၁။ ၉ × ၅ = ...
၄၅ ÷ ၉ = ...

၂။ ၈ × ၉ = ...
၇၂ ÷ ၈ = ...

၃။ ၄ × ၅ = ...
၂၀ ÷ ၄ = ...

၄။ ၂ × ၇ = ...
၁၄ ÷ ၂ = ...

၅။ ၉ × ၄ = ...
၃၆ ÷ ၉ = ...

၆။ ၂ × ၇ = ...
၁၄ ÷ ၂ = ...

၇.၄။ ဂဏန်းတစ်လုံးပါသော ကိန်းဖြင့်စားခြင်း

အရှည်စားနည်း

(က) ကျောက်ခဲ ၈ လုံးရှိသည်။ ၁ ပုံလျှင် ၂ လုံးကျပုံသည်၊ အပုံမည်မျှ ရသနည်း။

```
  8
 -2
---
  6
 -2
---
  4
 -2
---
  2
 -2
---
  0
```



ကျောက်ခဲ ၈ လုံးကို ၁ ပုံလျှင် ၂ လုံးကျပုံသော် ၄ ပုံရသည်။

ကိန်းညီမျှခြင်းရေး၍တွက်လျှင် အောက်ပါအတိုင်းတွက်နိုင်သည်။

```
 8   ÷   2   =   4
 ↑       ↑       ↑
တည်ကိန်း  စားကိန်း  စားလဒ်
```

$$\boxed{2 \times 4 = 8}$$

အရှည်စားနည်းဖြင့်တွက်လျှင် အောက်ပါအတိုင်း တွက်နိုင်သည်။

```
          ၄   ←  စားလဒ်
စားကိန်း → ၂ ) ၈   ←  တည်ကိန်း
          - ၈
          ---
            ၀   ←  အကြွင်း  အဖြေ။  ၄ ပုံ
```

(ခ) မင်းကွတ်သီး ၁၂ လုံးကို ကလေး ၃ ယောက်အား အညီအမျှဝေပေးသော် ကလေး ၁ ယောက်လျှင် မင်းကွတ်သီးမည်မျှစီရမည်နည်း။

ဝေပေးမည့် မင်းကွတ်သီး ၁၂ လုံး

ဝေပေးသော အကြိမ်	၁၂ လုံးရှိသည့်အနက် တစ်ကြိမ်ဝေပြီးတိုင်း ကျန်သောမင်းကွတ်သီး	ပထမ ကလေး ရသောဝေစု	ဒုတိယ ကလေး ရသောဝေစု	တတိယ ကလေး ရသောဝေစု
ပထမအကြိမ် မင်းကွတ်သီး ၃ လုံး ယူ၍ဝေခြင်း				
ဒုတိယအကြိမ် မင်းကွတ်သီး ၃ လုံး ယူ၍ဝေခြင်း				
တတိယအကြိမ် မင်းကွတ်သီး ၃ လုံး ယူ၍ဝေခြင်း				
စတုတ္ထအကြိမ် မင်းကွတ်သီး ၃ လုံး ယူ၍ဝေခြင်း				

ကလေး ၃ ယောက်ကို အညီအမျှဝေပေးသောအခါ ကလေး ၁ ယောက်လျှင် မင်းကွတ်သီး ၄ လုံးစီရသည်။

အရှည်စားနည်းဖြင့်တွက်သော် အောက်ပါအတိုင်း တွက်နိုင်သည်။

```
          ၄
        ------
၃ )     ၁၂
      - ၁၂
      ------
          ၀
```

အဖြေ။ ၄ လုံး

လေ့ကျင့်ခန်း(၅)

၁။ ၂ × ၃ = ၆

၆ ÷ ၂ ကိုတွက်ပါ။



၂။ ၂ × ၄ = ၈
၈ ÷ ၂ ကိုတွက်ပါ။

၃။ ၃ × ၂ = ၆
၆ ÷ ၃ ကိုတွက်ပါ။

၄။ ၂ × ၂ = ၄
၄ ÷ ၂ ကိုတွက်ပါ။

၅။ ၃ × ၃ = ၉
၉ ÷ ၃ ကိုတွက်ပါ။

စားပါ။

၆။

၈။

၁၀။

၇။

၉။

၁၁။

ဆယ်ကိန်းကို ခုကိန်းဖြင့်စားခြင်း

သာဓက ၁။ ပန်းအခိုင် ၅၀ ရှိသည်။ ပန်း ၈ ခိုင်ကို ၁ စည်းစည်းသည်။ အစည်းမည်မျှရသနည်း။ ပန်းခိုင်မည်မျှပိုသနည်း။

၅၀ ÷ ၈ ကိုရှာရမည်။

လက်တွေ့တွက်နည်း



အဖြေ ၆ စည်း
၂ ခိုင်ပိုသည်။

တွက်နည်းအဆင့်ဆင့်

၅၀ ကို ၈ ဖြင့် စားပါ။

၅၀တွင်၈အကြိမ်ပေါင်းမည်မျှဝင်နိုင်သနည်း။

၆ ကြိမ်ဝင်နိုင်သည်။

၆ ကို ၀ အပေါ်တွင်ရေးပါ။
၈ ကို ၆ ဖြင့် မြှောက်ပါ။
၆ × ၈ = ၄၈
၅၀ မှ ၄၈ ကို နုတ်ပါ။
၅၀ − ၄၈ = ၂



ဆက်လက်၍ ချရေးရန် ဂဏန်းမရှိ။

လေ့ကျင့်ခန်း(၆)

စားပါ။

၁။ ၄|၁၄ ၂။ ၅|၁၅ ၃။ ၇|၃၁ ၄။ ၉|၂၄ ၅။ ၃|၁၄

သာဓက ၂။ သကြားလုံး ၄၈ လုံးကို ကလေး ၄ ယောက်အား အညီအမျှဝေပေးသည်။
ကလေး ၁ ယောက်လျှင် သကြားလုံးမည်မျှရ၍ သကြားလုံး မည်မျှပိုသနည်း။
၄၈ + ၄ ကိုရှာရမည်။

လက်တွေ့တွက်နည်း	တွက်နည်းအဆင့်ဆင့်
